http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၇)

ခန္တီပါရမီ

အရှင်ဥတ္တမ
(သစ္စာရွှေစည်)

အရှင်ဝိလာသဂ္ဂါလင်္ကာရ တည်းဖြတ်သည်

ဓမ္မဒါန

http://www.dhammadownload.com

ခန္တီပါရမီ

အမောင်သုမေဓာ

သင်သည် ဘုရားအဖြစ်ကို အလိုရှိငြားအံ့...

မြေကြီးသည် မိမိအပေါ်၌ ကျလာသော၊

စင်ကြယ်သော အရာကိုဖြစ်စေ၊

မစင်ကြယ်သော အရာကိုဖြစ်စေ

အလုံးစုံကို သည်းခံသကဲ့သို့ .....

ထို့အတူ သင်သည်လည်း

အလုံးစုံသော သတ္တဝါတို့၏

မိမိအပေါ်၌ မြတ်နိုးခြင်းကိုလည်းကောင်း၊

မထီမဲ့မြင်ပြုခြင်းကိုလည်းကောင်း

သည်းခံပါလော့ ....။ (ဗုဒ္ဓဝင်ပါဠိတော်)

အရှင်ဥတ္တမ

(သစ္စာရွှေစည်)

ဓမ္မဒါန အလှူရှင်

http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ် (၂၇)

" ခန္တီပါရမီ "

အရှင်ဥက္ကဋ္ဌ
(သစ္စာရွှေစည်)

အရှင်ဝိလာသဝဂ္ဂါလင်္ကာရ တည်းဖြတ်သည်

http://www.dhammadownload.com

သစ္စာရွှေစည်စာစဉ်(၂၇) ပုံနှိပ်မှတ်တမ်း

၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ(၁၀၀၀၀)

တန်ဖိုး(၂၀၀)ကျပ်

ကွန်ပျူတာစာစီ ♦ ဓမ္မဗျူဟာ-ဒေါ်ငွေးငွေးအောင်

ထုတ်ဝေသူ ♦ ဦးသီဟအောင် (၀၁၆၁၆)
သဒ္ဓမ္မစာပေတိုက်၊ အမှတ်(၉၈)၊ ဦးကြင်ဥလမ်း
၃၂-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်လှလှမြိုင် (၀၀၁၁၆)
မိဘမေတ္တာပုံနှိပ်တိုက်၊ ၅၄၄-အင်းတော်လမ်း၊
စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်၊ ရန်ကုန်မြို့။

သစ္စာရွှေစည်စာစဉ်များကို
အုပ် (၁၀၀)နှင့်အထက်
ဓမ္မဒါနပြုလိုသူများအတွက်
တစ်အုပ်လျှော့ (၁၅၀ိ)

http://www.dhammadownload.com

မာတိကာ

ခန္တီပါရမီ ၂
ခန္တီပါရမီ၏ဥပမာ ၃
ခန္တီ၏အဓိပ္ပာယ် ၅
ခန္တီနှင့် ဥပေက္ခာအထူး ၇
တရားအစီအစဉ် ၈
သည်းခံခြင်း၏အကျိုးကျေးဇူး ၈
သည်းမခံနိုင်သူရရှိသော အပြစ်(၇)ပါး ၁၀
အက္ခန္တိသုတ် ၁၀
ဝေပစိတ္တိသုတ္တန် ၁၅
စစ်မှန်သောအင်အား ၂၂
စစ်မှန်သောအောင်ပွဲ ၂၃
ဒီဃာဝုမင်းသား ၂၈
ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ ၃၀
အမုန်းတရားတွေဖြစ်ခြင်းရဲ့အကြောင်းတရားများ ၃၄
အမုန်းတရား ဖယ်ရှားနည်း ၃၆
အားရှစ်မျိုး ၃၇
ပုဏ္ဏောဝါဒသုတ္တန် ၃၉
မာရတဇ္ဇနီယသုတ္တန် ၄၄
အဆိုးလောကဓံကို သည်းခံနည်း ၄၈
အကောင်းလောကဓံကို သည်းခံနည်း ၅၁
အသုဘသညာ ၅၂
အာဟာရေပဋိကူလသညာ ၅၂
သဗ္ဗလောကေ အနဘိရတိသညာ ၅၄
အနိစ္စသညာ ၅၅
တရားနိဂုံး ၅၉

http://www.dhammadownload.com

သာသနာတော်နှစ် ၂၅၆၀-ခု၊
ကောဇာသက္ကရာဇ် ၁၃၇၈-ခု၊ ကဆုန်လပြည့်ကျော်(၆)ရက်၊
(၂၇.၅.၂၀၁၇)၊ သောကြာနေ့တွင် ဓမ္မဒါနအလှူရှင်
မိဘများကို အမှူးထား၍ ဦးဇော်မျိုးဦး+ဒေါ်နီလာအေး
(မိသားစု)၊ ဦးမျိုးခိုင်+ဒေါ်အိအိချို(မိသားစု) ဒဂုံမြို့သစ်
မြောက်ပိုင်းမြို့နယ်၏ ဓမ္မဒါနကို အကြောင်းပြု၍
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
တံတားလေးလမ်း၀၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊
ဓမ္မာရုံရှိ ဓမ္မဗိမာန်တွင် ဟောကြားအပ်သည့်

ပါရမီဆယ်ပါး မြတ်တရားဒေသနာ

"ခန္တီပါရမီ"

ဒီကနေ့ည တရားတော်မြတ်ကို နာယူဖို့ ရောက်ရှိလာတဲ့ ပရိသတ်တို့ကို ဘာတရားဟောမှာလဲဆိုလို့ရှိရင် အားလုံး သိကြတဲ့အတိုင်း ပါရမီ ၁၀-ပါးထဲက ၆-ခုမြောက်ဖြစ်တဲ့ "ခန္တီပါရမီ"။

http://www.dhammadownload.com

ခန္တီပါရမီ

ဘုရားလောင်း သုမေဓာရှင်ရသေ့ လူတွေ နတ်တွေ ပူဇော်ထားတဲ့ ပန်းပုံကြီးပေါ်မှာ ထိုင်တော်မူရင်းနဲ့ ဘုရားအဖြစ်ကို ပြုတတ်တဲ့ ပါရမီတို့ကို စူးစမ်းရှာဖွေတဲ့ အခန်းကနေ စတင်ပြီးတော့ နာယူကြည်ညိုကြရအောင်...။

စူးစမ်း ရှာဖွေပုံကို မြတ်စွာဘုရားကိုယ်တိုင် မဟာဗုဒ္ဓဝင် ပါဠိတော်မှာ -

န ဟောတေ ဧတ္တကာယေဝ၊ ဗုဒ္ဓမ္မော ဘဝိဿရေ။
အညေပိ ဝိစိနိဿာမိ၊ ယေ ဓမ္မာ ဗောဓိပါစနာ။

ဘုရားအဖြစ်ကို ပြုတတ်တဲ့တရားတွေဆိုတာ ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယတရားမျှလောက်သာ မကပေဘူး။ နောက်ထပ်လည်း ရှိရလိမ့်ဦးမယ်။

ဝိစိနန္တော တဒါ တက္ခိ၊ ဆဋ္ဌမံ ခန္တိပါရမိံ။
ပုဗ္ဗကေဟိ မဟေသီဟိ၊ အာသေဝိတနိသေဝိတံ။

ဆက်လက်ရှာဖွေတဲ့အခါ ရှေးရှေးက ဘုရားအလောင်း သူတော်ကောင်းကြီးများ အမြဲမပြတ်လေ့ကျက်အပ်တဲ့ ခန္တီပါရမီဆိုတဲ့ ခြောက်ခုမြောက် ပါရမီ

http://www.dhammadownload.com

ကို ဘုရားအလောင်းတော်ဟာ တွေ့တော်မူတယ်။

ဣမံ တွံ ဒဠှံ ကတွာ၊ ဒဠှံ ကတွာ သမာဒိယ။
တတ္ထ အဒွေဇ္ဈမာနသော၊ သမ္ဗောဓိံ ပါပုဏိဿတိ။

ခြောက်ခုမြောက်ဖြစ်တဲ့ ခန္တီပါရမီကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုလို့ရှိရင် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရပြီးတော့ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မယ်လို့ သူ့ကိုယ်သူ ဆုံးမတယ်။

ခန္တီပါရမီ၏ ဥပမာ

တခြားတခြားသော ပါရမီတွေကို ဘုရားအလောင်း သူတော်ကောင်းကြီးက သူ့ကိုယ်သူ ကျင့်သုံးဖို့ ဆုံးမတဲ့အခါမှာ ဥပမာလေးပေးပြီးတော့ ဆုံးမသလို ခန္တီပါရမီမှာလည်းပဲ ဥပမာပေးပြီး ဆုံးမတယ်။

ယထာပိ ပထဝီနာမ၊ သုစိမ္ပိ အသုစိမ္ပိ စ။
သဗ္ဗံ သဟတိ နိက္ခေပံ၊ န ကရောတိ ပဋိဃံတယာ။

ဥပမာလေးက အလွန်ကောင်းပါတယ်။ ဟောဒီ မဟာပထဝီမြေကြီးဟာ သူ့ရဲ့အပေါ်မှာ စင်ကြယ်တာတွေပဲဖြစ်ဖြစ်၊ မစင်ကြယ်တာတွေပဲဖြစ်ဖြစ် ဘာတွေကိုပဲ ပစ်ချလိုက် ပစ်ချလိုက် အဲဒီ ပစ်ချလိုက်တဲ့

http://www.dhammadownload.com

အရာတွေရဲ့အပေါ်မှာ အမျက်ထွက်တယ်ဆိုတာ မရှိဘူး။ နှစ်သက်တယ်ဆိုတာ မရှိဘူး။ မမြတ်နိုးဘူး မြတ်နိုးတယ်ဆိုတဲ့ ဒီလိုသဘောမျိုး သူ့မှာ မရှိဘူး။

စင်ကြယ်တဲ့ ပန်းတွေ နံ့သာတွေပဲဖြစ်ဖြစ်၊ မစင်ကြယ်တဲ့ ကျင်ကြီးကျင်ငယ်တွေ သွေးပြည်တံတွေးပဲဖြစ်ဖြစ် ဘယ်လိုအရာတွေပဲ ပစ်ချပစ်ချ ဒီမြေကြီးဟာ မတူ ကွဲပြားခြားနားတဲ့ တုန့်ပြန်ချက်ကို မပြုဘူး။ သူ့မှာ အမျက်ထွက်တယ်ဆိုတာလည်း မရှိဘူး။ နှစ်သက်တယ်ဆိုတာလည်း မရှိဘူး။

ဘာတွေပဲ ပစ်ချလိုက် ပစ်ချလိုက် မြေကြီးဟာ ဘာမှမတုန့်ပြန်ဘဲ ခံနေသလို ဒကာ ဒကာမတို့ ဦးဇင်းတို့တစ်တွေဟာလည်း ခန္တီပါရမီကို အဲလို ဥပမာပေးပြီးတော့ ဖြည့်ကျင့်ရမယ်ပေါ့။

တထေဝ တွမ္ပိ သဗ္ဗေသံ၊ သမ္မာနာဝမာနက္ခမော။
ခန္တိပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿသိ။

သမ္မာနာဝမာနက္ခမော-တဲ့၊ အလွန် မြတ်နိုးစရာကောင်းတဲ့ စကားလုံးလေးပါ။ မထီမဲ့မြင် ပြုတာကိုပဲဖြစ်ဖြစ်၊ မြတ်မြတ်နိုးနိုး ပြုတာကိုပဲဖြစ်ဖြစ် ခံနိုင်ရည် ရှိရမယ်။

http://www.dhammadownload.com

ခန္တီ၏အဓိပ္ပာယ်

များသောအားဖြင့် ဒကာဒကာမတို့ ဦးဇင်းတို့ နားလည်ထားတာက ခန္တီဆိုတာ ကိုယ့်အပေါ်မှာ မဟုတ်တာတွေ ပြောတာ၊ မကောင်းတာတွေပြောတာ၊ ညှဉ်းပန်းတာ၊ နှိပ်စက်တာ။ အဲသလို မကောင်းတာတွေ ကိုယ့်အပေါ် ပြုလာတာတွေကို ဒေါသ မဖြစ်အောင် သည်းခံတဲ့အနေထားကိုပဲ ခန္တီလို့ နားလည်ထားကြတာ။ ဒါလည်း မှန်ပါတယ်။

ပါဠိတော်မှာ ပြောထားတာက ပိုလေးနက်တယ်။ ကိုယ့်ကို မထီမဲ့မြင် ပြုတာပဲဖြစ်ဖြစ်၊ မြှတ်နိုးတာပဲဖြစ်ဖြစ် သည်းခံနိုင်ရမယ်။ တည့်တည့်ပြောရရင် မကောင်းတာတွေကိုမှ သည်းခံရမှာ မဟုတ်ဘူး။ ကောင်းတာတွေကိုလည်း သည်းခံရမယ်လို့ ပြောတာ။ ကောင်းတာကိုကျတော့ သည်းခံတယ်ဆိုတဲ့ အသုံးနှုန်းနဲ့ ဘယ်သူမှ မသုံးနှုန်းကြဘူး။ ဘာလို့လဲဆိုတော့ ကောင်းတာကိုကျတော့ လူတွေက အလွန်ခံနိုင်တာကိုး။ ဒါပေမယ့် အသေချာစဉ်းစားကြည့်ရင် ကောင်းတာကို သည်းခံရတာက ပိုခက်မယ်။

လောဘဖြစ်စရာတစ်ခု ကြုံလာပြီဆိုပါစို့။ ဒါရဲ့

http://www.dhammadownload.com

အပေါ်မှာ ကိုယ့်ရဲ့စိတ်က လိုက်လျောမှုတွေ နှစ်သက်မှုတွေ၊ မြတ်နိုးမှုတွေ ဖြစ်သွားပြီဆိုလို့ရှိရင် အဲဒါ သည်းမခံနိုင်ခြင်း တစ်မျိုးပဲ။

သည်းခံတယ်ဆိုတာ မကောင်းတာတွေရဲ့ အပေါ်မှာ ဒေါသမဖြစ်အောင်လုပ်နိုင်ရုံမျှနဲ့ မပြည့်စုံသေးဘူး။ ကောင်းတာတွေရဲ့ပေါ်မှာ လောဘမဖြစ်အောင် ထိန်းသိမ်းနိုင်ဖို့လည်း လိုတယ်။ ကိုယ့်အပေါ်မှာ မကောင်းသဖြင့် ဆက်ဆံနေတဲ့ လူတွေရဲ့အပေါ်မှာ သည်းခံဖို့ လိုအပ်သလို ကိုယ့်အပေါ်မှာ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ဆက်ဆံတဲ့လူတွေရဲ့ အပေါ်မှာလည်း သည်းခံဖို့ လိုသေးတာပဲ။ ကောင်းတာနဲ့ တွေ့တဲ့အခါ သည်းခံတယ်ဆိုတာက တစ်ဖန်ပြန်ပြီး နှစ်သက်မှုတွေ မြတ်နိုးမှုတွေ လောဘတွေနဲ့ မတုန့်ပြန်ဘဲ နေနိုင်တာကို သည်းခံတယ်လို့ ဆိုလိုတာ။ အဲဒါက ပိုတောင် ခက်မလား မသိဘူး။

ခန္တီပါရမီကို ပြည့်ပြည့်စုံစုံ စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် ကောင်းတဲ့ လောကဓံတွေပဲ တွေ့တွေ့၊ မကောင်းတဲ့ လောကဓံတွေပဲ တွေ့တွေ့၊ ဘယ်လို လောကဓံတွေနဲ့ပဲ တွေ့တွေ့ ကိုယ့်ရဲ့ စိတ်ထဲမှာ

http://www.dhammadownload.com

လိုက်လျောမှု၊ နှစ်သက်မှု၊ မကျေနပ်မှု၊ ဆန့်ကျင်ကန့်ကွက်မှု လောဘဒေါသ မဖြစ်အောင် သည်းခံနိုင်မှသာလျှင် ဒါပြည့်စုံတဲ့ ခန္တီလို့ ဆိုရမှာ။

ခန္တီနှင့် ဥပေက္ခာအထူး

ပါရမီ ၁၀-ပါးထဲမှာ နောက်ဆုံး ဥပေက္ခာပါရမီနှင့် ဒီ ခန္တီပါရမီက ရောင်ရောင်လေး တူတယ်။ တကယ်တော့ မတူဘူးဆိုတာကိုလည်း ဥပေက္ခာရောက်မှ ခွဲခြားပြီးပြောမယ်။

ခန္တီပါရမီက ဖြစ်ပေါ်နေတဲ့ အနေအထားကို ဘာပဲဖြစ်ဖြစ် သည်းခံတာ။ ဥပေက္ခာပါရမီက အဲလိုမဟုတ်ဘူး ဘာပဲဖြစ်ဖြစ် လျစ်လျူရှုထားတာ။ တကယ်တွက်ကြည့်ရင် အဲဒီဥပေက္ခာက ပိုပြီး ခက်ခဲမယ်လို့ထင်တယ်။

သည်းခံခြင်းရဲ့ အဓိပ္ပါယ်ကို ဦးဇင်းက ရိုးရိုးလေး စဉ်းစားကြည့်တာပါ။ သည်းခံတယ်ဆိုကတည်းကိုက စိတ်ထဲမှာ တစ်စုံတစ်ရာ ပြဿနာဖြစ်တော့မှ ဪ မကောင်းပါဘူးလေ ဆိုပြီးတော့မှ သည်းခံလိုက်ရတဲ့ အနေအထားရှိတယ်။ ဥပေက္ခာ-လျစ်လျူ

http://www.dhammadownload.com

ရှုတယ်ဆိုတာက သည်းခံစရာကို မလိုအောင် လုပ်ထားတာ။ ဒါကြောင့် ဥပေက္ခာက ပိုပြီးတော့ နက်နဲခက်ခဲတဲ့ သဘောရှိမယ်။ ဘာတွေ့လို့မှ သူ့မှာ လောဘ ဒေါသ မောဟ မဖြစ်ဘူး။ လျစ်လျူရှုနိုင်တာ။ သူက ပိုပြီး မြင့်မားမယ် ထင်တယ်။

တရားအစီအစဉ်

ဒီကနေ့ည ဦးဇင်းပြောဖို့ စီစဉ်ထားတာက-

* ခန္တီဆိုတာ ဘာလဲ။
* ခန္တီရှိခြင်းရဲ့ အကျိုးကျေးဇူး။
* ခန္တီမရှိခြင်းရဲ့ အပြစ်။
* ခန္တီတရားရှိဖို့အတွက် မြတ်စွာဘုရားရဲ့ တိုက်တွန်း ဆုံးမထားမှုများ။

ခန္တီနဲ့ ပတ်သက်တဲ့ သုတ္တန်တွေ၊ ဇာတ်တော်တွေ၊ ဒါတွေကို ဟောဖို့ စီစဉ်ထားပါတယ်။

သည်းခံခြင်း၏ အကျိုးကျေးဇူး

ဘယ်ကနေ စပြောချင်လဲဆိုတော့ ခန္တီတရားနဲ့ ပတ်သက်ပြီးတော့-

သီလ သမာဓိ ပညာနံ၊ ခန္တီပဓာန ကာရဏံ။

http://www.dhammadownload.com

သဗ္ဗေပိ ကုသလာ ဓမ္မာ၊ ခန္တျာယ ဝဝတ္တယေ။
ဆိုတဲ့ ဂါထာလေးရှိတယ်။

အဓိပ္ပါယ်က- သီလ သမာဓိ ပညာဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကောင်းကြီးဟာ သည်းခံခြင်းတရားသာလျှင် အဓိက အကြောင်းတရား ရှိတယ်။ ဆိုလိုတာက သီလဖြစ်ဖို့အတွက်လည်းပဲ သည်းခံခြင်းသည် အဓိက။ သမာဓိဖြစ်ဖို့အတွက် လည်းပဲ သည်းခံခြင်းဆိုတဲ့ ခန္တီတရားရှိမှ ရမယ်။ ပညာဖြစ်ဖို့လည်း သည်းခံခြင်း ခန္တီရှိမှ ရမယ်။ ခန္တီ သည် သီလ သမာဓိ ပညာဖြစ်ဖို့ အဓိက အကြောင်း ကြီးလို့ ဒီလိုပြောတာ။

သီလတွေ ဘာလို့ ပျက်ပျက်သွားတာလဲ သည်း မခံနိုင်လို့ ပျက်ပျက်သွားတာ။ လောဘ ဒေါသရဲ့ ဒဏ်ကို သည်းမခံနိုင်လို့ ပျက်သွားတာပဲ။ သမာဓိတွေ ဘာကြောင့် မရှိတာလဲဆိုတော့ သည်းမခံနိုင်လို့ သမာဓိ မရှိတာဘဲ။ ပညာတွေ ဘာကြောင့်မဖြစ်တာလဲ သည်း မခံနိုင်တော့ သီလသမာဓိ မရှိတော့ဘူး။ သီလ သမာဓိ မရှိတော့ ပညာကလည်း ဆက်ဖြစ်စရာ အကြောင်း မရှိတော့ဘူး။ ပြီးတော့ ဆက်ပြောထားတာက ...

http://www.dhammadownload.com

အလုံးစုံသော ကုသိုလ်တရားတွေဟာ ခန္တီကို အမှီပြုရမှသာလျှင် ကြီးထွားနိုင်ကြတယ်တဲ့။ သီလ သမာဓိ ပညာသည် ခန္တီလျှင် အခိကကျတဲ့ အကြောင်း ရှိတယ်။ အလုံးစုံသော ကုသိုလ်တရားတို့သည် ခန္တီကို အမှီပြုရမှသာလျှင် ကောင်းစွာ ကြီးထွားနိုင်ကြတယ်။

ဒါကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ကုသိုလ်ကောင်းမှုတွေနဲ့ ကြီးထွားချင်ကြတဲ့ ပုဂ္ဂိုလ်တို့အတွက် ခန္တီကို အမှီပြုဖို့ မလိုဘူးလား၊ လိုတယ်နော်။ ဒါကြောင့် ခန္တီဆိုတဲ့ သည်းခံခြင်း တရား လက်ကိုင်ထားရမယ်။

သည်းမခံနိုင်သူ ရရှိသော အပြစ် (၇)ပါး

ပြီးတော့ ဘာဆက်ပြောချင်လဲဆိုတော့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ **အက္ခန္တိသုတ်**ဆိုပြီးတော့ရှိတယ်။ သည်းခံခြင်းရဲ့ အကျိုးကျေးဇူး။ သည်းမခံခြင်းရဲ့ အပြစ်အနာ အဆာ နှစ်စုံကို ဟောထားတယ်။

ပထမသုတ်မှာ သည်းမခံခြင်းကြောင့် ရရှိမယ့် အပြစ်ငါးမျိုး မြတ်စွာဘုရားဟောတယ်။

(၁) **ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ**- သည်းမခံတဲ့ ပုဂ္ဂိုလ်မှာတဲ့ လူအများစုရဲ့

http://www.dhammadownload.com

မုန်းတီးမှု၊ မချစ်ခင် မနှစ်သက် မမြတ်နိုးမှုကို သူ ခံရလိမ့်မယ်။ လူမုန်း များတယ်လို့ ဆိုလိုတာ။

(၂) **ဝေရဗဟုလော**- ရန်များတယ်တဲ့။ သူက ထစ်ခနဲရှိ ပြောနေတော့ တစ်ဖက်လူကလည်း ပြန်ပြော မှာပဲ။ ကိုယ်ကပြောလိုက် သူကပြောလိုက်နဲ့ သူ့ဘဝ မှာ ရန်ဖြစ်နေရတာနဲ့ပဲ အချိန်တွေ အများကြီး ကုန် တယ်။ ရန်ဖြစ်ပြီးတော့လည်း မောပြီး ကျန်ခဲ့တယ်။ ကောင်းတာ ကောက်ကိုင်လိုက်စရာ ဘာမှလည်း မကျန်ဘူး၊ ရန်တွေ များတာပဲရှိမယ်။

(၃) **ဝဇ္ဇဗဟုလော**- အပြစ်အလွန်များတယ်။ သည်းမခံနိုင်တော့ ပြောချင်ရာပြော လုပ်ချင်ရာလုပ် ဖြစ်ရော။ ယုတ်ညံ့တဲ့ ကာယကံ ဝစီကံတွေ အများ ကြီး ဖြစ်နိုင်တယ်။ အပြစ်တွေ အများကြီး ဖြစ်တယ်။ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ပြုမိ ပြောမိမယ်ဆိုရင် အပြစ်က ပိုကြီးနိုင်တယ်။

(၄) **သမ္မူဠ္ဟော ကာလံ ကရောတိ**- သေခါနီး မှာ တွေတွေဝေဝေ သေရတတ်တယ်။ ဘဝတစ်လျှောက် လုံး ဒေါသတွေနဲ့ပဲ နေလာတာဆိုတော့ နောင်တရစရာ တွေ အများကြီး ရှိနိုင်တယ်။ ကြည်ကြည်လင်လင်

http://www.dhammadownload.com

မသေရနိုင်ဘူး။

ဘ၀ရဲ့ အနေအထားတွေကို စိစစ် ဝေဖန်ကြည့်တဲ့အခါမှာ နေစဉ်အခါမှာဖြစ်တဲ့ အခက်အခဲထက် သေစဉ်အခါမှာဖြစ်တဲ့ အခက်အခဲက ပိုပြီးတော့ အများကြီး ကြီးကျယ်တယ်။ နေစဉ်အခါမှာဖြစ်တဲ့ အခက်ခဲလေးကိုတောင် သည်းမခံဘူးဆိုတဲ့ ပုဂ္ဂိုလ် တစ်ယောက်သည် သေခါနီးမှာ ဖြစ်မယ့်အခက်အခဲကို သေချာလောက်နီးပါး သည်းမခံနိုင်လောက်ဘူးလို့ ဦးဇင်းက မြင်တယ်။ ဒါကြောင့် သေခါနီးမှာ သူ ဆင်းဆင်းရဲရဲ သေရလိမ့်မယ်။

(၅) **ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ**- တွေတွေဝေဝေ သေရတဲ့ပုဂ္ဂိုလ်တွေ သွားရာဖြစ်တဲ့ အပါယ်လေးဘုံကို ရောက်သွားတတ်တယ်။

အဲဒါ ပထမသုတ္တန်မှာ ပြောထားတဲ့ အပြစ် ငါးမျိုး- လူမုန်းများတယ်။ ရန်များတယ်။ အပြစ်များတယ်။ သေခါနီးမှာ တွေတွေဝေဝေ သေရတယ်။ ယုတ်ညံ့တဲ့ ဘ၀တွေကို ရောက်တတ်တယ်။

သည်းခံမယ်ဆိုရင်တော့ အဲဒီငါးမျိုးရဲ့ ဆန့်ကျင်

http://www.dhammadownload.com

ဘက် လူချစ်လူခင် များမယ်။ ရန်မများဘူး။ အပြစ် မများဘူး။ သေခါနီးမှာ ကြည်ကြည်လင်လင် သေရမယ်။ ကောင်းမြတ်တဲ့ ဘဝတွေကို ရောက်နိုင်တယ်။ ဒါက ပထမ အက္ကောသသုတ္တန်မှာ မြတ်စွာဘုရား ဟောတာ။

"**ဒုတိယအက္ကောသသုတ်**"မှာ ဟောထားတာကို လည်း မှတ်ကြည့်မယ်။ ပထမအပြစ်ကတော့ ပထမ အက္ကောသသုတ်အတိုင်းပဲ။

(၁) **ဗဟုနော ဇနဿ အပ္ပိယော ဟောတိ အမနာပေါ**- လူမုန်းများမယ်။ ဒုတိယနဲ့ တတိယ ပြောတဲ့ အပြစ်ကျတော့ မတူဘူး။

(၂) **လုဒ္ဒေါ**- သည်းမခံတဲ့ ပုဂ္ဂိုလ်ဟာ အလွန် ကြမ်းတမ်းတယ်။ သူ့ရဲ့ အမူအရာ အပြောအဆို သူ့ရဲ့ စိတ်တွေကိုကအစ အထိမခံ ကြွေပန်းကန် ဖြစ်နေ တာ။ ခက်ထန် ကြမ်းတမ်းနေတာ။ အလွန် ကြွပ် ဆတ်တဲ့သဘောရှိတယ်။ ဘာလေးနဲ့မှ သူ့ကို ထိလို့ မရဘူး။ ထိလိုက်တာနဲ့ ရှူးရှူးရှဲရှဲ ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်တယ်။ အလွန် ကြမ်းတယ်တဲ့။ သည်းမခံတဲ့လူ ဆိုတာ။

http://www.dhammadownload.com

(၃) အဲလို စိတ်ကြမ်းတော့ ဘာဖြစ်လဲဆိုတော့ **ဝိပ္ပဋိသာရီ**- စိတ်နှလုံး မသာယာမှုတွေကို သူ အများကြီး ခံစားရတယ်။ သူ့ဘဝမှာ စိတ်ကြည်နေတယ်ဆိုတာ အလွန်နည်းတယ်။ ဒုတိယအပြစ်နဲ့ တတိယအပြစ်က ပထမအက္ခန္တိသုတ်နှင့် ကွဲသွားတယ်နော်။

(၄) စတုတ္ထအပြစ်နဲ့ ပဉ္စမအပြစ်လည်း ပထမအက္ခန္တိသုတ်နဲ့ အတူတူပဲ။ **သမ္မူဠှော ကာလံ ကရောတိ**- တွေတွေဝေဝေ သေရလိမ့်မယ်။

(၅) သေပြီးနောက် အပါယ်လေးဘုံကို ရောက်ရလိမ့်မယ်။

အဲတော့ အဲဒီသုတ္တန်နှစ်ခုကို ပေါင်းလိုက်တဲ့အခါမှာ သည်းမခံခြင်းရဲ့အပြစ် ဘယ်နှပါး ထွက်လာလဲဆိုတော့ ခုနစ်ပါး ထွက်လာတယ်။ ပထမငါးပါးကို နောက်ထပ် နှစ်ပါး အပြောင်းအလဲ ဖြစ်သွားတာ။ အဲတော့ ဘယ်နှပါးရှိလဲ၊ ခုနစ်ပါး။

သည်းမခံနိုင်တဲ့ ပုဂ္ဂိုလ်သည် လူမုန်းများတယ်။ အပြစ်များတယ်။ ရန်များတယ်။ ကြမ်းတမ်းတယ်။ သူ့ရဲ့ စိတ်နှလုံးဟာ မကြည်မလင်ဖြစ်ပြီး နှလုံးမသာယာမှုတွေ များတယ်။ ပြီးတော့ တွေတွေဝေဝေ သေ

http://www.dhammadownload.com

ရတယ်။ ယုတ်ညံ့တဲ့ ဘဝတွေကို ရောက်တတ်တယ်။ ဒါ သည်းမခံတတ်တဲ့ ပုဂ္ဂိုလ်တွေ ရတတ်တဲ့အပြစ်။

သည်းခံမယ်ဆိုရင် အဲဒီအပြစ်ရဲ့ ဆန့်ကျင်ဘက် ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်။

ဝေပစိတ္တိသုတ္တန်

မြတ်စွာဘုရားက သည်းခံခြင်းသည် အလွန် ကျေးဇူးများတဲ့အတွက်ကြောင့် သည်းခံခြင်းတရားနှင့် ပြည့်စုံဖို့အတွက် တိုက်တွန်း နှိုးဆော်ထားတဲ့ သုတ္တန် တစ်ခုရှိတယ်။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်ထဲမှာ ဝေပစိတ္တိသုတ္တန်ဆိုတာ ရှိတယ်။ ဝေပစိတ္တိဆိုတာ သိကြားမင်းကြီးရဲ့ ယောက္ခမ အသုရာနတ်မင်းကြီးရဲ့ နာမည်ပဲ။

အဲဒီသုတ္တန်မှာ မြတ်စွာဘုရားက ရဟန်းတို့ ရှေးက ဖြစ်ခဲ့တာလေးတစ်ခုကို ငါ ပြောပြမယ်။ ရှေးက တာဝတိံသာတွေနဲ့ အသူရာတွေ စစ်ဖြစ်ကြတယ်။ သူတို့က ခဏခဏ စစ်ဖြစ်ကြတယ်။ ဝေပစိတ္တိ အသူရာကြီးက သူ့ရဲ့ အသူရာစစ်သားတွေကို ဘာ ပြောလဲဆိုတော့ ဒီစစ်ပွဲမှာ သိကြားမင်း ရှုံးခဲ့ရင် အဲဒီ

http://www.dhammadownload.com

သိကြားမင်းကို လည်ပင်းလျှင် ငါးခုမြောက်ရှိတဲ့ အနှောင်အဖွဲ့နှင့် နှောင်ဖွဲ့ပြီးတော့ ငါ့ဆီ ခေါ်ခဲ့လို့ ခိုင်းတယ်။ သိကြားမင်းကလည်း သူ့ရဲ့ တာဝတိံသာ နတ်တွေကို အဲဒီအတိုင်းပဲ မှာတယ်။

အဲဒီအနှောင်အဖွဲ့ကလည်း အရမ်း စိတ်ဝင်စားစရာ ကောင်းတယ်။ အနှောင်အဖွဲ့က ဘာလဲဆိုတော့ ခြေနှစ်ချောင်းရယ်၊ လက်နှစ်ချောင်းရယ်၊ လည်ပင်းရယ်ကို လှုပ်လို့ မရအောင် နှောင်ဖွဲ့ထားတာ။ အဲဒီအနှောင်အဖွဲ့က ကြိုးမရှိဘူး။ တန်ခိုးနဲ့ နှောင်ဖွဲ့တာ။

အဲဒီစစ်ပွဲမှာ ဝေပစိတ္တိအသုရာကြီးက ရှုံးသွားတဲ့အခါကျတော့ တာဝတိံသာနတ်တွေက ဝေပစိတ္တိအသုရာကြီးကို သိကြားမင်း ပြောတဲ့အတိုင်း နှောင်ဖွဲ့ပြီး သိကြားမင်းဆီ ခေါ်လာတာ။

အနှောင်ဖွဲ့က ဘယ်လောက် ဆန်းကြယ်လဲဆိုရင် ဝေပစိတ္တိအသုရာရဲ့ စိတ်ထဲမှာ သိကြားမင်းက 'တော်တယ်၊ ကောင်းပါတယ်၊ အပြစ်မရှိဘူး' လို့ ထင်ရင် အနှောင်အဖွဲ့က ပြေသွားတယ်။ သက်သောင့်သက်သာ နေရတယ်။ သိကြားမင်းက မကောင်းဘူး သိကြားမင်းကိုက ဆိုးတာလို့ ထင်တာနဲ့ အနှောင်အဖွဲ့

http://www.dhammadownload.com

က နှောင်ဖွဲ့ပြီးသားပဲ။ သူ့စိတ်နဲ့ သူ့ဟာသူ နှောင်ဖွဲ့ပြီးသားဖြစ်အောင် နှောင်ဖွဲ့ထားတာ။ ဒါလည်း ဒကာ၊ ဒကာမတို့ ဦးဇင်းတို့ လက်လှမ်းမမှီနိုင်တဲ့ အကြောင်းအရာတစ်ခုပေါ့။

နှောင်ဖွဲ့ခံထားရတဲ့ ဝေပစိတ္တိအသုရာကို သုဓမ္မာနတ်သဘင်ရဲ့ တံခါးပေါက်နားမှာ ထားတယ်။ သိကြားမင်းကြီး နတ်သဘင်ထဲကို ဝင်ထွက်သွားလာတိုင်း ဝေပစိတ္တိအသုရာကြီးက သိကြားမင်းကို ဆဲတယ်။ ရန့်ရင်းကြမ်းတမ်း ယုတ်မာတဲ့ စကားတွေနှင့် ဆဲတာ။ အဲလို ဆဲတာကို သိကြားမင်း ဘာမှ ပြန်မပြောဘူး။ နားကို မထောင်ဘူး၊ ဒီအတိုင်း သွားတာ။

သိကြားမင်းကို ဆဲပါများတော့ သိကြားမင်းက ဘာမှမဖြစ်ပါဘဲနဲ့ သိကြားမင်းဘေးမှာရှိတဲ့ မာတလိက မခံနိုင်ဘူး။ သိကြားမင်းနဲ့ တွေ့တဲ့အခါကျတော့ မာတလိက သိကြားမင်းကို မေးတယ် 'အရှင်သိကြားမင်း- ကြောက်လို့ မတုန့်ပြန်တာလား ဒါမှမဟုတ် သူ့ကို ယှဉ်နိုင်တဲ့ အားများ မရှိလို့လား' တဲ့။ ဒီလို သည်းခံတာဟာ ကြောက်လို့ သည်းခံတာလား၊ အားမရှိလို့၊ မယှဉ်နိုင်လို့၊ သည်းခံတာလားလို့ မေးတာ။

http://www.dhammadownload.com

ဒီတော့ သိကြားမင်းက ဘာပြောလဲဆိုတော့ ငါကြောက်လို့ သည်းခံနေတာလည်း မဟုတ်ဘူး။ အား မရှိလို့ သည်းခံနေတာလည်း မဟုတ်ဘူး။ ငါ့လိုပညာရှိ တဲ့ ပုဂ္ဂိုလ်ဟာ ဘာကြောင့် ဒီလို လူမိုက်နဲ့ တုပြီး ဖက်ပြိုင်နေရမှာလဲ။

သိကြားမင်းပြောတာ ကြည့်နော်။ ငါ့လို ပညာ ရှိတစ်ယောက်ဟာ ဘာကြောင့် အဲလို လူမိုက်နဲ့ တုပြီး တော့ ဖက်ပြိုင်နေရမှာလဲတဲ့။ မတူဘူးဆိုတာကို သူက ဘယ်လို သက်သေပြတာလဲ တုမနေဘူး၊ ပြောမနေ ဘူးဆိုတာနဲ့ သက်သေပြတာ။ ဒါ သတိထားစရာပါပဲ။

မာတလိက ဘာပြောပြန်လဲဆိုတော့ လူမိုက် တွေကို ဉာဏ်ရှိတဲ့သူတွေက မတားမြစ်ဘူးဆိုရင် သူတို့ ပျက်စီးသွားနိုင်တယ်တဲ့။ ဒါကြောင့် ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ မိုက်မဲတဲ့ပုဂ္ဂိုလ်တွေကို ပြင်းထန်တဲ့ ဒဏ်တွေနဲ့ နှိပ်ကွပ်သင့်တယ်တဲ့။ ဒီအမြင်က လောက ကြီးအနေနဲ့ အားလုံးက လက်ခံမယ့် အမြင်တစ်ခုလို့ ဦးဇင်း ထင်တယ်။

မိုက်မဲတဲ့ ပုဂ္ဂိုလ်တွေကို အသိဉာဏ်ရှိတဲ့ လူတွေ ကမှ မထိန်းချုပ်ဘူးဆိုရင် သူတို့ဟာ အများကြီး

http://www.dhammadownload.com

ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် သူတို့ကို ပညာရှိတဲ့ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ နှိပ်ကွပ်သင့်တယ်တဲ့။ ဒါမှ သူတို့ ငြိမ်သွားမယ်ပေါ့။

အဲတော့ သိကြားမင်းက ဘာပြောလဲဆိုတော့ လူတစ်ယောက်က ကိုယ့်ကို အမျက်ထွက်နေတယ်ဆိုရင် ကိုယ်က ငြိမ်းအေးအောင် နေလိုက်မယ်ဆိုရင် အဲလို ငြိမ်းအေးစွာနေခြင်းက အဲဒီလူကို တားမြစ်ပြီးသား ဖြစ်တယ်တဲ့။ ဒီအယူအဆက ပိုပြီးတော့ နူးညံ့ သိမ်မွေ့တယ်။ နူးညံ့ သိမ်မွေ့သည့်အလျောက် ပိုပြီးတော့ နားလည်ဖို့လည်း ခက်တယ်။

ခန္တီဆိုတာကလည်း ကျင့်သုံးဖို့ဆိုတဲ့ အဆင့်ကို မပြောနဲ့ နားလည်ဖို့ဆိုတဲ့ အဆင့်ကိုက မလွယ်ဘူးလို့ထင်တယ်။ နားမလည်နိုင်လို့ လူတွေက လက်မခံနိုင်ကြတာ။ လက်မခံနိုင်လို့လည်း မကျင့်သုံးကြတာ။ 'သည်းခံရမယ် ဘာဖြစ်ဖြစ် ခေါင်းငုံ့ပြီးတော့ ခံရမယ်' လို့ဆိုရင် ဒါကြီးက သိပ်သဘာဝ မကျဘူးလို့ ထင်ကြတာပဲ များပါတယ်။ 'သည်းခံခြင်းတရားဟာ လိုအပ်တယ် လုပ်ကို လုပ်ရမယ်' ဆိုတဲ့ အမြင်မျိုးရှိဖို့ဆိုတာ ခန္တီရဲ့ သဘောသဘာဝကို ကောင်းကောင်းနားလည်မှ

http://www.dhammadownload.com

ဖြစ်တာ။ ဒါကို သိကြားမင်းက ပြောနေတာ။

ဒေါသဖြစ်လာတယ်၊ ဒေါသဖြစ်စရာကြုံလာတယ်။ အဲဒီအချိန်မှာ ဒေါသမဖြစ်ဘဲနဲ့ ကိုယ့်ဟာကိုယ် ငြိမ်းအေးအောင် နေလိုက်မယ်ဆိုရင် အဲဒီ ငြိမ်းအေးအောင် နေခြင်းကိုက တစ်ဖက်လူကို တားမြစ်ပြီး ဖြစ်တယ်တဲ့၊ အဲသလို သူ မြင်တယ်တဲ့။ အဲသလို ပြောတဲ့အခါကျတော့ မာတလိက ဘာပြန်လဲဆိုတော့ သိကြားမင်း သင်ဘာပဲပြောပြော သည်းခံခြင်းတရားမှာ ကျွန်ုပ်ကတော့ အပြစ်ပဲ မြင်တယ်တဲ့။ ဆိုလိုတာက သည်းခံခြင်းတရားဟာ ကောင်းကို မကောင်းဘူးလို့ကို သူ မြင်တယ်တဲ့။

ဘာကြောင့်လဲဆိုတော့ လောကကြီးမှာ သည်းခံမှန်းသိရင် ပိုပြီးတော့ အနိုင်ယူချင်ကြတယ်။ ဥပမာ ရှုံးတဲ့နွားကို နိုင်တဲ့နွားတွေက တစ်ခါတည်း လိုက်ပြီးတော့ ဖို့ကြသလိုမျိုးပဲတဲ့။ ဒါကြောင့် သည်းခံရတာ ကောင်းကို မကောင်းဘူးတဲ့။ ဒါသူ့ရဲ့ အမြင်ပဲ။

အဲလိုပြောတဲ့အခါကျတော့ သိကြားမင်းက မင်းဘယ်လိုပဲထင်ထင် အကျိုးစီးပွားတွေထဲမှာ ကိုယ့်အကျိုးစီးပွားရရှိဖို့သာလျှင် ပဓာနကျတယ်တဲ့။ သဒတ္ထ

http://www.dhammadownload.com

ပရမာ အတ္တာ- အကျိုးစီးပွားတွေထဲမှာ ကိုယ့်အကျိုးစီးပွားဟာ အမွန်မြတ်ဆုံးပဲတဲ့။

အကျိုးစီးပွားတွေထဲမှာ ကိုယ့်အတွက် အကျိုးစီးပွားရှိဖို့က အရေးကြီးဆုံးပဲ။ ဒီနေရာမှာ အကျိုးစီးပွားဆိုတာလဲ။ စစ်မှန်တဲ့အကျိုးစီးပွားကို ရည်ညွှန်းတာ။ ကိုယ့်အတွက် အကျိုးရှိဖို့ဆိုရင်လည်းပဲ **ခန္တျာဘိယော န ဝိဇ္ဇတိ**- သည်းခံခြင်းတရားထက် ကိုယ့်အတွက် အကျိုးရှိနိုင်တာ ဒိပြင်တရားတစ်ခု မရှိနိုင်ဘူးတဲ့။ ဆိုလိုတာက သည်းခံခြင်းသည် ကိုယ့်အတွက် အကျိုးအရှိဆုံး တရားပဲ။

ဘယ်သူတွေက ဘယ်လိုပဲ ထင်ထင် သည်းခံလိုက်မှသာလျှင် ကိုယ့်အတွက် တကယ် အကျိုးရှိမယ်လို့ သိကြားမင်းက ပြောတာ။ သိကြားမင်းကဘာ ဆက်ပြောလဲဆိုတော့ မာတလိ- လောကကြီးမှာကိုယ်က အားရှိပါလျက်နဲ့ အားမရှိတဲ့ ပုဂ္ဂိုလ်ကိုသည်းခံမှသာလျှင် အဲဒီသည်းခံခြင်းဟာ မြတ်သောသည်းခံခြင်းလို့ ဆိုရမယ်တဲ့။ ဒီလူကို အစစ အရာရာယှဉ်မယ်ဆိုရင် ကိုယ်ကသူ့ထက် အများကြီးသာတယ်။ အဲဒီလို နိုင်ပါလျက်ကယ်နဲ့ ငုံ့ပြီးတော့ သည်းခံ

http://www.dhammadownload.com

တဲ့ သည်းခံခြင်းမျိုးက အမြတ်ဆုံးပဲ။

စစ်မှန်သောအင်အား

တစ်ဆက်တည်း သူ ဘာဆက်ပြောလဲဆိုတော့ လူမိုက်တွေရဲ့အားဟာ တကယ့်အား မဟုတ်ပါဘူးတဲ့။ လူမိုက်တွေက သူ့ကိုယ်သူ အားရှိတယ်လို့ ထင်ကြတယ်။ ဒါပေမယ့် တကယ်တမ်းက တွေ့ကြုံနေတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး သတိလေးနဲ့ ငြိမ်းအေးအောင် နေတတ်မှသာလျှင် အဲဒီအားဟာ တကယ့်အား အစစ်ပဲလို့ သူက ပြောတာ။ လူမိုက်တွေရဲ့အားဟာ တကယ့်အား မဟုတ်ဘူး။ သူတော်ကောင်းတွေရဲ့ အားကမှ တကယ့်အား ဖြစ်တယ်ပေါ့။

နောက်ထပ် သူ ဆက်ပြောတဲ့ ဂါထာသုံးပုဒ်ကို ဦးဇင်းက အရမ်းကို သဘောကျတယ်။ ခပ်ငယ်ငယ်က စပြီး အဲဒီဂါထာလေး သုံးပုဒ်ကို စွဲနေတယ်ပေါ့လေ။ ဘာပြောထားလဲဆိုတော့-

တဿေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ အပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

အဓိပ္ပာယ်က- လူတစ်ယောက် အမျက်ထွက်

http://www.dhammadownload.com

တယ်။ ကိုယ့်အပေါ်မှာ ဒေါသတွေနဲ့ မဟုတ်တာ လုပ်တယ်။ အဲဒါကို ကိုယ်က တစ်ဖန်ပြန်ပြီးတော့ အမျက်ထွက်မယ်ဆိုလို့ရှိရင် အဲဒါ အရင်အမျက်ထွက်တဲ့လူထက် နောက်အမျက်ထွက်တဲ့လူက ပိုပြီး မိုက်မဲတယ်တဲ့။

စစ်မှန်သော အောင်ပွဲ

သူအမျက်ထွက်တာကို သိပြီးတော့ ကိုယ်က အမျက်မထွက်ဘဲ ထိန်းနိုင်တယ်ဆိုရင်တော့ အလွန်တရာ အောင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်နိုင်တယ်လို့ ဆိုရမယ်တဲ့။ ဒီလူက မကောင်းလို့ ကိုယ်က ပြန်မကောင်းမယ်ဆိုရင် သူ့ထက် ပိုဆိုးသွားမယ်။

သူကလည်း ကိုယ့်အပေါ်မှာ အကြောင်းတစ်ခုခုကြောင့် ဆိုးလိုက်တာပဲ။ ကိုယ်ကလည်း ပြန်ဆိုးမယ်ဆိုရင် အကြောင်းတရားတွေက မတူပေမယ်လို့ ဆိုးကြတာချင်းတော့ အတူတူပဲ။ သို့သော် နောက်လူကို ဘာကြောင့် ပိုဆိုးတယ်လို့ ပြောရသလဲ။ နောက်လူက အရင်လူ ဒေါသဖြစ်လို့ ပူလောင်ဆင်းရဲနေပြီဆိုတာ မြင်နေပါလျက်ကယ်နဲ့ အဲဒီလမ်းကြီးကို ကိုယ်က ဆက်လိုက်တာ။ သဘောပေါက်လား။ ကိုယ့်ပေါ်မှာ

http://www.dhammadownload.com

ဒေါသတွေနဲ့ ပြောဟဲ့ ဆိုဟဲ့လုပ်တယ်။ သူ့မှာ ဒေါသကြောင့် ပူလောင်နေတာကို ကိုယ် သိတယ်။ သိပါလျက်ကယ်နဲ့ ကိုယ်ကလည်း သူ့လမ်းစဉ်ပဲ ထပ်လိုက်တယ်။ ဒေါသတွေနဲ့ ပြန်ပြီးတော့ တုန့်ပြန်မယ်၊ ပြောဆိုမယ်ဆိုရင် သူ့ထက်ကိုယ် ပိုမိုက်တယ်တဲ့။

သူ အမျက်ထွက်တဲ့အခါ ကိုယ် အမျက်မထွက်အောင် ထိန်းနိုင်မယ်ဆိုရင်တော့ အလွန်တရာ အောင်နိုင်ခဲတဲ့ စစ်ပွဲကို အောင်ရာရောက်တယ်တဲ့။ ဒါကိုပြောတာနော်။ ဒါကြောင့် မဃဒေဝမှာ မန်လည်ဆရာတော်ကြီးက–

"လောင်ခြစ်ပွတ်ချေ၊ မျက်ထွက်သူကို၊ တုံ့မူအမျက်၊ ပြန်မထွက်က၊ အောင်ခက်နိုင်ခဲ၊ စစ်မြေထဲ ဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်။

မကြည်စိတ်ခက်၊ အမျက်ထွက်သူ၊ ထိုသည့်သူနှင့်၊ အတူပြန်လျက်၊ မျက်မာန်ထွက်သော်၊ ရှေးထက်နောက်လူ၊ မိုက်သောဟူ၏" လို့ ရေးတာပေါ့။

သိကြားမင်းက ဆက်ပြီး ဘာပြောပြန်လဲဆိုတော့–

http://www.dhammadownload.com

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သင်္ကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ။

လူတစ်ယောက် ကိုယ့်ပေါ်မှာ မကောင်းဘူး။ ဒေါသတွေနဲ့ လာတယ်ဆိုကြပါစို့။ အဲဒါကို ကိုယ်က သတိနဲ့ ငြိမ်းအေးအောင် နေလိုက်နိုင်ရင် အဲသလို ငြိမ်းအေးအောင်နေနိုင်ခြင်းဟာ သူ့အတွက်ရော ကိုယ့်အတွက်ပါ နှစ်ဦးလုံးအတွက် အကျိုးစီးပွားကို ကျင့်သုံးတယ်လို့ ဆိုရမယ်။ အဓိပ္ပါယ်က ဒေါသမဖြစ်အောင် ထိန်းတယ်ဆိုတာ ကိုယ့်အတွက် ဆိုးကျိုးတွေမဖြစ်အောင် ကိုယ်ကြိုးစားလိုက်တာ။ ကိုယ်က ဒေါသကို ထိန်းလိုက်တဲ့အခါကျတော့ ကိုယ့်ကြောင့် သူ့ရဲ့ ဒေါသက ဆက်ပြီးတော့ ဖြစ်စရာမရှိတော့ဘူး။ သူ့ဒေါသက တဖြည်းဖြည်းနဲ့ အရှိန်သေသွားဖို့ပဲ ရှိတယ်။ ဒါဟာ သူ့အတွက် ဆိုးကျိုးတွေမဖြစ်အောင် ကျင့်သုံးပေးရာ ရောက်တယ်။ သူက တုန့်ပြန်လို့ ကိုယ်က တုန့်ပြန်မယ်ဆို မဆုံးတော့ဘူး။ ဒီဒုက္ခစက်ကြီးကို ကိုယ်ကစပြီး ရပ်နိုင်အောင် ကြိုးစားလိုက်တာ။

သည်းခံတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်အတွက် အကျိုးရှိအောင် လုပ်ရာလည်း ရောက်တယ်။ တစ်ဖက်သား

http://www.dhammadownload.com

အတွက် အကျိုးရှိအောင်လည်း လုပ်ရာရောက်တယ်။ နားလည်လွယ်တဲ့ စကားနဲ့ လက်တွေ့ကျကျ ပြောရမယ်ဆိုလိုရှိရင် သည်းခံလိုက်တယ်ဆိုရင် အကျယ်အကျယ် မငြိမ်းဖွယ်တွေ တစ်ခါတည်း ငြိမ်းသွားရော။ ဘာမှ ရှင်းစရာ မလိုတော့ဘူး။ တစ်ဖက်လူလည်း ကိုယ်က ဘာမှ မတုန့်ပြန်တဲ့အတွက်ကြောင့် ဘာမှ ဒေါသပွားစရာ အကြောင်းမရှိဘူး။ ထပ်ပြီးတော့ မှားစရာအကြောင်း မရှိဘူး။ ရပ်သွားတယ်။ ကိုယ်က ပြန်တုန့်ပြန်မယ်ဆိုရင် ဘာမဆို ဖြစ်နိုင်တယ်နော်။ စကားရဲ့နောက် လက်တွေဘာတွေ ပါလာမယ်ဆိုရင် ရာဇဝတ်မှုတွေကစ အကြီးအကျယ် ဖြစ်နိုင်တယ်။

ဒါကြောင့် သည်းခံခြင်းသည် ကိုယ့်ကျိုးသူ့ကျိုး နှစ်မျိုးစုံကို ကျင့်သုံးရာရောက်တယ်လို့ သိကြားမင်းက ပြောတာ။ ဒါပေမယ့် အဲလိုအလွန်ကောင်းတဲ့ သည်းခံတဲ့လူကိုပဲ လူတွေက ဘယ်လိုပြောကြလဲ။

> ဥဘိန္နံ တိကိစ္ဆန္တံ၊
> အတ္တနော စ ပရဿ စ။
> ဇနာ မညန္တိ ဗာလောတိ၊
> ယေ မဓမ္မဿ အကောဝိဒါ…တဲ့။

http://www.dhammadownload.com

အဓိပ္ပာယ်က မိမိအတွက်၊ သူတစ်ပါးအတွက် အဲသလို ငြိမ်းအေးအောင် ဆေးကုပေးတဲ့ သည်းခံတတ်တဲ့ လူကောင်းကိုပဲ သူတော်ကောင်းတရားကို မကျွမ်းကျင် မလိမ္မာကြတဲ့ လူအများစုကြီးက ဒီလူဟာ လူအပဲ လူမိုက်ပဲလို့တောင် ထင်ကြသေးတယ်တဲ့။

မှန်လိုက်တာနော်။ သည်းခံခြင်းအားဖြင့် သူ့အကျိုးရှိအောင် ကိုယ်အကျိုးရှိအောင် တကယ်ကို စစ်မှန်တဲ့ နည်းလမ်းနဲ့ လုပ်နေတာကိုပဲ သူတော်ကောင်းတရားကို မကျွမ်းကျင် မလိမ္မာကြတဲ့ လူအများစုကြီးက ဘယ်လို ထင်ကြသလဲ။ လူအပဲ၊ လူမိုက်ပဲလို့ ထင်သတဲ့။ အဲသလို သိကြားမင်းက ပြောတာ။

အဲဒီမှာ မြတ်စွာဘုရားက ရဟန်းတို့ ရှေးကံရဲ့ အကျိုးကို အမှီပြုပြီးနေကြတဲ့ နတ်တွေကတောင်မှ ဒီသည်းခံခြင်းရဲ့ အကျိုးကျေးဇူးကို ပြောဆိုပြီးတော့ နေနိုင်ကြတယ်ဆိုရင် ငါဘုရားရဲ့ သာသနာမှာ ရဟန်းပြုနေကြတဲ့ သင်တို့အတွက် သည်းခံခြင်းတရားဆိုတာကို လက်ကိုင်ထားရမယ်။ အမျက်ဒေါသ မထွက်ရဘူးလို့ မြတ်စွာဘုရားက ဟောပြတာ။

http://www.dhammadownload.com

ဒီဃာဝုမင်းသား

သည်းခံမှုနှင့် ပတ်သက်ပြီး နောက်ထပ် အတု ယူစရာတစ်ခု ပြောရမယ်ဆိုရင် ဒီဃာဝုမင်းသား အကြောင်းက ပြောစရာ အလွန်ကောင်းတယ်။

ဘုရားရှင်လက်ထက်က ကောသမ္ဗီပြည်မှာ သံဃာတွေ ကွဲပြားမှုကို အကြောင်းပြုပြီးတော့ ဇာတ်တော်တွေ အများကြီးဟောတယ်။ အဲဒီဇာတ်တော်တွေထဲက ဇာတ်တော်တစ်ခုပေါ့။ ဒီဃာဝုမင်းသားရဲ့ အကြောင်း။

မြတ်စွာဘုရားက ရဟန်းတို့တဲ့ ဗာရာဏသီပြည်မှာ အလွန်အင်အားကြီးတဲ့ ဗြဟ္မဒတ်ဘုရင်ဆိုတာ ရှိတယ်။ သူနဲ့ နယ်နိမိတ် နီးစပ်နေတဲ့ ကောသလဘုရင်ရဲ့ တိုင်းပြည်လည်း ရှိတယ်။

ဗာရာဏသီဘုရင်က အင်အားကြီးတဲ့အခါကျတော့ စစ်တပ်တွေနဲ့ ချီပြီးတော့ ကောသလဘုရင်ရဲ့ တိုင်းပြည်ကို သွားပြီးတော့ သိမ်းပိုက်တာ။ စစ်တပ်ကြီး ချီလာပြီဆိုတာလည်း သိရော ကောသလဘုရင်က ထွက်ပြေးသွားရော။ ထွက်မပြေးရင်လည်း သူ သတ်ခံရမှာပေါ့နော်။ အင်အားခြင်း မမျှဘူး၊ မယှဉ်

http://www.dhammadownload.com

နိုင်ဘူး။ ထွက်ပြေးတဲ့အခါမှာ သူ့မိဖုရားမှာ ကိုယ်ဝန်ရှိတယ်။ အဲဒါ မထင်မရှား အိုးထိန်းသည် ဘဝမျိုးနဲ့ သူတို့နေပြီး သားလေး မွေးလာတယ်။ အဲဒါ ဘုရားလောင်းလေးပဲ။ အဲဒီ သားလေးကို နောက်တက်လာတဲ့ ဘုရင်ရဲ့ အန္တရာယ်က ကြောက်ရတဲ့ အတွက်ကြောင့် အခြားတစ်နေရာမှာ ပညာသင်လွှတ်ပြီးတော့ မထင်မရှားနဲ့ နေတာ။ နောက်တော့ သူ့ရဲ့ ဘုရင်ဘဝက ဆတ္တာသည်က တွေ့သွားတော့ ဆုတွေ လာဘ်တွေ ရချင်တာနဲ့ ဗြဟ္မဒတ်မင်းကို အကြောင်းကြားတယ်။ အဲတော့ ဗြဟ္မဒတ်မင်းက ရန်စွယ်ဆိုတာ စောစောရှင်းထားမှ စိတ်အေးရမယ်ဆိုပြီးတော့ ဘုရင်နဲ့ မိဖုရားနှစ်ပါးလုံးကို ဖမ်းပြီးတော့ သတ်တယ်။

ဖမ်းပြီးတော့ ထုတ်လာတဲ့ အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဘုရားလောင်းမင်းသားလေးက ပညာသင်ရာက ပြန်လာတယ်။ သူလည်းပဲ ဝိုင်းကြည့်နေတဲ့ လူတွေကြားကနေ ဒီအတိုင်းပဲ ကြည့်နေရတယ်။ မြင်သွား သိသွားရင် သူကိုလည်း သတ်မှာပဲလေ။ သူ့အဖေ အမေ အသတ်ခံရတာကို ဘေးကနေပဲ ကြည့်နေရတဲ့ အနေအထား။

http://www.dhammadownload.com

ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ

သေအံ့ဆဲဆဲမှာ ဒီ ကောသလဘုရင်ကြီးက သူ့သားကို တွေ့တော့ ဘာပြောလဲဆိုရင်...

တာတ ဒီဃာဝု- ချစ်သားဒီဃာဝု၊ **တွံ**- သင်သည်၊ **ဒီဃံ**- အရှည်ကို၊ **မာ ပဿ**- မကြည့်ပါလင့်။

ရဿံ- အတိုကို၊ **မာ ပဿ**- မကြည့်ပါနဲ့။

ဝေရာ- ရန်တို့သည်၊ **ဝေရေန**-ရန်တုန့်မှုသဖြင့်၊ **န သမ္မန္တိ**- ဘယ်နည်းနဲ့မျှ မငြိမ်းနိုင်ကြဘူး။

အဝေရေန စ- ရန်တုန့်မမှုသဖြင့်သာလျှင်၊ **သမ္မန္တိ**- ငြိမ်းအေးနိုင်ကြတယ်လို့ စကား(၄)ခွန်း ပြောတယ်။

သူ့သားမှန်း သိသွားမှာစိုးလို့ သူ့ဟာသူ ရေရွတ်သလိုမျိုးနဲ့ ပြောသွားတာ။ အဲသလို ပြောပြီးတော့ အသတ်ခံရတယ်။

နောက်တော့ ဒီဃာဝုမင်းသားက ဆင်ဆရာဆီမှာ ခစားရင်းနဲ့ အဲဒီဘုရင်ကြီးရဲ့ ဘေးနားကို ရောက်လာတယ်။ သူက သီချင်းဆိုတာရော စောင်းတီးတာရော အင်မတန် ကျွမ်းကျင်တယ်။ ဘုရင်ကြီး

http://www.dhammadownload.com

က သူ့အနားမှာ ထားတယ်။ သူ့ရဲ့လူယုံတော် ဖြစ်လာတယ်။ ဘယ်လောက်ထိ ယုံလဲဆိုတော့ ဥယျာဉ်ထဲ ထွက်တယ်။ အဲလိုထွက်လာရင်းနဲ့ အစောင့်တွေမရှိတဲ့အချိန်မှာ မောပန်းတယ်ဆိုပြီးတော့ ဒီဃာဝုရဲ့ပေါင်ပေါ်မှာ ဗြဟ္မဒတ်ဘုရင် အိပ်တယ်။

အိပ်ပျော်နေတဲ့အချိန်မှာ အနားမှာလည်း သံလျက်က ရှိနေတယ်။ အဲတော့ ဒီဃာဝုက ဟောဒီလူဟာ ငါတို့ရဲ့ ထီးနန်းကိုလည်း လုယူခဲ့တယ်။ ငါ့ရဲ့အဖေနဲ့ အမေကိုလည်း ဘာအပြစ်မှ မရှိဘဲ ရက်ရက်စက်စက် သတ်ပစ်တယ်။ ဒီအချိန်ဟာ လက်စားချေဖို့အကောင်းဆုံးအချိန်ပဲ ဒင်းကို သတ်မယ်ဆိုပြီးတော့ သံလျက်ကို ဆွဲထုတ်တယ်။

အဲဒီလို ဆွဲထုတ်လိုက်တဲ့အခါမှာ ဖခင် ပြောလိုက်တဲ့ စကားကို ပြန်ပြီး ကြားယောင်လာတယ်။ ချစ်သားဒီဃာဝု.. အရှည်ကိုလည်း မရှုနဲ့၊ အတိုကိုလည်း မရှုနဲ့။ အရှည်ကို မရှုနဲ့ဆိုတာ ဘာပြောတာလဲဆိုတော့ မုန်းစကို မရှည်စေနဲ့၊ ဒေါသကို မကျယ်ပွားစေနဲ့။ အတိုကို မရှုနဲ့ဆိုတာ ချစ်စကို မတိုစေနဲ့။ မိတ်ဖြစ်တာကို မြန်မြန်မပျက်စေနဲ့ ဒါပြောတာ။

http://www.dhammadownload.com

ရန်တုန့်မှုခြင်းအားဖြင့် ရန်တွေက မငြိမ်းနိုင်ဘူး။ ရန်မတုံ့မှုမှ ရန်တွေက ငြိမ်းနိုင်တယ်ဆိုပြီး အောင့်အီးပြီး သန်လျက်ကို ပြန်ထိုးသွင်းလိုက်တယ်။ ဒီလိုနဲ့ စိတ်တွေက ထိန်းမရပြန်ဘူး။ တစ်ခါ သတ်မယ်လို့ လုပ်ပြန်တယ်။ အဲဒီမှာ ဖခင်ရဲ့ ဆုံးမစကားကို ကြားယောင်လာပြီး မသတ်ပြန်ဘူး။ အဲလိုနဲ့ သုံးကြိမ်သုံးခါ ချီတုံချတုံ ဖြစ်နေဆဲမှာပဲ ဘုရင်ကြီးက နိုးလာတယ်။ နိုးလာတဲ့အခါကျတော့ ဘုရင်ကြီးက ဘာပြောလဲဆိုတော့ ငါ့အိပ်မက်ထဲမှာ ကောသလရဲ့သား ဒီဃာဝုက သန်လျက်နဲ့လိုက်လို့ ငါပြေးနေရတယ်တဲ့။ အဲဒီတော့မှ ဒီဃာဝုက ဘုရင်ကြီးရဲ့ သျှောင်ထုံးကို ဆွဲကိုင်ပြီး သံလျက်နဲ့ရွယ်ရင်း ဒီဃာဝုဆိုတာ ငါပဲ။ သင်ဟာ တို့ရဲ့အပေါ်မှာ အလွန်တရာမှ ကျေးဇူးမဲ့တွေကို လုပ်ခဲ့တယ်။ ဒုက္ခတွေ အများကြီး ပေးခဲ့တယ်။ ဒါကြောင့် သင့်ကို ငါ သတ်မယ်ဆိုပြီးတော့လုပ်ရော။ အဲဒီမှာ ဗြဟ္မဒတ်ဘုရင်ကြီးက သူ့ရဲ့ခြေရင်းမှာ ဝပ်စင်းပြီးတော့ မသတ်ဖို့ တောင်းပန်တယ်။

အဲဒီတော့မှပဲ ဘုရားအလောင်းက အလွန် နူးညံ့သိမ်မွေ့တဲ့သဘောနဲ့ သန်လျက်ကို ဘုရင်ကြီးဆီကို

http://www.dhammadownload.com

အပ်တယ်။ သူ့ရဲ့ အသက်ကိုလည်း အပ်နှင်းတယ်။ သင့်ကိုလည်း ငါမသတ်ဘူး။ ငါ့ကိုလည်း သင်မသတ်နဲ့ပေါ့။ တစ်ခါတည်း ကျိန်စာတွေ ဘာတွေဆိုပြီးတော့ ရန်ကို မရှည်စေဘဲနဲ့ နှစ်ယောက်သား ငြိမ်းချမ်းမှု ယူလိုက်ကြတယ်။ အဲဒါနဲ့ ဘုရင်ကြီးက နန်းတော်ရောက်တော့ ဒီဃာဝုမင်းသားကို ဒီလောက်ဉာဏ်ပညာရှိတဲ့သူဆိုပြီး သမီးနဲ့ ပေးစားပြီး ထီးနန်းစည်းစိမ်ကို ပြန်ပြီးတော့ အပ်တာ။ ဒါက ဒီဃာဝုမင်းသားရဲ့ အကြောင်းပဲ။

ဘဝမှာ အဲသလောက်ကြီး နာကျည်းချက်တွေနဲ့ အခံရခက်နေတဲ့ လူတွေဆိုတာ အလွန်ရှားပါတယ်။ ဟုတ်လား ဒကာ,ဒကာမတို့၊ ဦးဇင်းတို့ ဘဝမှာ သည်းမခံနိုင်တာက အဲသလောက်ကြီးကျယ်တဲ့ ကိစ္စတွေ ဟုတ်သလား၊ မဟုတ်ပါဘူး။ နည်းနည်းလေးကိုပဲ သည်းမခံနိုင်ဘဲ ဖြစ်နေတာ ဟုတ်ရဲ့လား။

ဒါကြောင့် ဒီနေရာမှာ အမုန်းတွေဆိုတာလည်းပဲ အမျိုးမျိုးသော အကြောင်းတရားကြောင့် ဖြစ်နေကြတယ်ဆိုတာကို ပြောဦးမယ်။

http://www.dhammadownload.com

အမုန်းတရားတွေဖြစ်ခြင်းရဲ့အကြောင်းတရားများ

အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတာ ရှိတယ်။ **အာဃာတဝတ္ထူနိ**- အာဃာတဖြစ်ခြင်းရဲ့ အကြောင်းတရားတွေပေါ့လေ။ အမုန်းတရားဖြစ်ခြင်းရဲ့အကြောင်းတရားတွေ။ အမုန်းဖြစ်ခြင်းရဲ့အကြောင်းက ကိုးပါး ရှိတယ်လို့ ပြောတယ်။ ဘာတွေလဲဆိုတော့-

(၁) ဟောဒီလူဟာ ငါ့ရဲ့ အကျိုးစီးပွားမဲ့ကို ဟိုတုန်းက လုပ်ခဲ့ဖူးတယ်။ ဒါကြောင့် မုန်းတယ်။

(၂) ဟောဒီလူဟာ ငါ့ရဲ့ အကျိုးစီးပွားကို အခုလုပ်နေတယ်။ ဒါကြောင့် မုန်းတယ်။

(၃) ဟောဒီလူဟာ ငါ့ရဲ့ အကျိုးစီးပွားမဲ့ကို နောင်တစ်ချိန်မှာ လုပ်မယ့်အလားလာ ရှိတယ်။ ဒါကြောင့် ငါ ကြိုပြီးတော့ မုန်းထားမယ်။ မလုပ်ရသေးဘဲနဲ့တောင် လုပ်မယ့်အလားလာရှိရင် မုန်းထားတာ။

ကိုယ့်ရဲ့ အကျိုးစီးပွားမဲ့ကို လုပ်ခဲ့လို့၊ လုပ်နေလို့၊ လုပ်တော့မှာမို့လို့ မုန်းတယ်။ သုံးချက်။

(၄) ဟောဒီလူဟာ ငါ ချစ်ခင် မြတ်နိုးရတဲ့ ငါ့လူတွေရဲ့ အကျိုးစီးပွားမဲ့ကို နဂိုတုန်းက လုပ်ခဲ့

http://www.dhammadownload.com

တယ်။ ဒါကြောင့် မုန်းတယ်။

(၅) ငါ့လူတွေရဲ့ အကျိုးစီးပွားမဲ့ကို ခုလည်း လုပ်နေတယ်။ ဒါကြောင့် မုန်းတယ်။

(၆) ငါ့လူတွေရဲ့ အကျိုးစီးပွားမဲ့ကို ဆက်ပြီးတော့ လုပ်မယ့်အလားအလာရှိတယ်။ ဒါကြောင့် ငါ မုန်းထားလိုက်မယ်။

ဒီနေရာမှာ ကိုယ်နဲ့ ပတ်သက်ပြီး မုန်းရတာ ကိုယ်ချစ်တဲ့လူနဲ့ ပတ်သက်ပြီး မုန်းရတာဆိုတာတော့ နားလည်နိုင်တယ်။ ကိုယ်မုန်းတဲ့ လူတွေနဲ့ ပတ်သက်ပြီး မုန်းတာ ရှိသေးတယ်။ ဘယ်လိုများ မုန်းမလဲ။ စဉ်းစား ကြည့်ပါဦး။ ကိုယ်မုန်းတဲ့လူတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမုန်းလဲဆိုတော့-

(၇) ဟောဒီလူဟာ ငါ မုန်းတဲ့လူတွေရဲ့ အကျိုးစီးပွားကို သူအမြဲတမ်း လုပ်ခဲ့တယ်။ ဒါကြောင့် မုန်းတယ်တဲ့။

(၈) ငါ မုန်းတဲ့လူတွေရဲ့ အကျိုးစီးပွားကို အခုလည်း လုပ်နေတယ်။ ဒါကြောင့် မုန်းတယ်။

(၉) ငါ မုန်းတဲ့လူတွေရဲ့ အကျိုးစီးပွားကို နောင်လည်းပဲ လုပ်စရာ အလားလာရှိတယ်။ အဲဒါကြောင့်

http://www.dhammadownload.com

မုန်းတယ်တဲ့။

အာဃာတ အမုန်းတရားတွေဆိုတာ အဲသလို ဖြစ်စရာ အကြောင်း ၉-မျိုး ရှိတယ်။

အမုန်းတရား ဖယ်ရှားနည်း

အဲသလို ဖြစ်လာပြီဆိုရင် ဘယ်ပုံဘယ်နည်း ဖယ်ရှားရမလဲဆိုတော့ ဩော်-ဒီလူက ငါ့ရဲ့အကျိုး စီးပွားမဲ့ကို လုပ်နေတာ မလုပ်အောင်၊ ငါ ဘယ်တတ် နိုင်ပါ့မလဲ။ သူ့စိတ်နဲ့ သူ့ကိုယ် သူလုပ်ချင်လုပ်မှာ ပေါ့။ သူ့ကို ကိုယ်အစိုးရတဲ့အပိုင်း မရှိဘူးလို့ အဲလို စဉ်းစားရမှာ။

မုန်းစရာအကြောင်းတရားတွေ ဒေါသဖြစ်စရာ အကြောင်းတရားတွေ ဘဝမှာ အများကြီးရှိနိုင်တယ်။ ဘယ်လို မုန်းစရာအကြောင်းတွေပဲ ကြုံလာကြုံလာ ဒေါသမဖြစ်အောင် တတ်နိုင်သမျှ သည်းခံဖို့လိုတယ်။

ဦးဇင်းတို့ ရွှေကျင်ဆရာတော်ကြီး ဆုံးမထား တာ ရှိတယ်။ ဆရာတော်ကြီးက ဥပမာပေး ဆုံးမရာ မှာ အလွန်ကျမ်းကျင်တော်မူတာ။

သစ်ပင်ကြီးများဟာ သူ့ကိုခုတ်နေတဲ့လူကို သူ ပြိုပျက်မသွားမချင်း ခုတ်နေတဲ့လူကို အရိပ်နဲ့ အေး

http://www.dhammadownload.com

စေတယ်တဲ့။ ပြောတာလေး ဘယ်လောက်လှပလဲ။ သစ်ပင်တစ်ပင်ကို လူက ခုတ်နေတယ်။ အဲဒီသစ်ပင်ကြီးဟာ လဲမသွားမချင်း အဲဒီခုတ်နေတဲ့လူကို အရိပ်နဲ့ အေးစေတယ်။ သူတော်ကောင်းတွေဟာလည်း ကိုယ့်ကို နှိပ်စက်တဲ့သူကို မသေမချင်း မေတ္တာတရားနဲ့ အေးချမ်းစေတယ်။

အမွှေးနံ့သာတုံးများဟာ သူ့ကို မီးရှို့တဲ့လူကို သူ ပြာကျမသွားမချင်း အမွှေးရနံ့နဲ့ သင်းပျံ့စေတယ်။ သူတော်ကောင်းတွေဟာလည်း ကိုယ့်ကို နှိပ်စက်တဲ့သူကို မေတ္တာတရားနဲ့ အေးချမ်းစေတယ်။

ပတ္တမြားကျောက်များဟာ သူ့ကိုသွေးနေတဲ့လူကိုပဲ သူမကုန်မချင်း ဒီအရောင်အလင်းလေးနဲ့ နှစ်သက်စေတယ်တဲ့။ သူတော်ကောင်းဆိုတာလည်း ထို့အတူပဲ သည်းခံခြင်းတရားဖြင့် ရန်သူကို အေးမြစေတယ်တဲ့။

တကယ်တမ်းက သည်းခံတယ်ဆိုတာ သူတော်ကောင်းတို့ရဲ့ အားပဲနော်။

အားရှစ်မျိုး

လောကကြီးမှာ အားဆိုတာ အမျိုးမျိုးရှိတယ်။

http://www.dhammadownload.com

(၁) ကလေးတွေရဲ့ အားက ဘာလဲဆိုတော့ ငိုကြွေးခြင်းတဲ့။ သူဘာမှ မတတ်နိုင်ဘူးလေ။ သူက ငိုဖို့ပဲ တတ်နိုင်တာ။ ဘာမှလဲ လုပ်နိုင်တာမဟုတ်ဘူး။ ပြောနိုင်တာ မဟုတ်ဘူး။ စိတ်တိုင်းမကျဘူးဆိုလဲ ငိုလိုက်မှာပဲ။ သူတို့ လိုချင်တာရှိလည်း ငိုလိုက်မှာပဲ ကလေးတွေရဲ့အားက ငိုကြွေးခြင်းတဲ့။

(၂) မာတုဂါမတို့ရဲ့အားက စိတ်ဆိုးခြင်း၊ စိတ်ကောက်ခြင်းတဲ့။ မကျေနပ်တာကို မြန်မြန်ဆန်ဆန် ပြတတ်တယ်။ စိတ်ကောက်စိတ်ဆိုးပြီးတော့ သူတို့ လိုချင်တာကို ယူတတ်တယ်။

(၃) လူဆိုးသူခိုးတွေရဲ့အားကတော့ လက်နက်တဲ့။ လက်နက်ဟာ လူဆိုးသူခိုးတွေရဲ့ အားပဲ။

(၄) တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အားကတော့ အစိုးရခြင်းတဲ့။

(၅) လူမိုက်တွေရဲ့ အားကတော့ ကဲ့ရဲ့ခြင်းတဲ့။ သူများကို ရှာရှာဖွေဖွေ ကဲ့ရဲ့နေတာ၊ သူများအပြစ်တွေကို မြင်နေတာ၊ သူများကို ကဲ့ရဲ့နေရင် ကိုယ့်ကိုယ်ကို တော်တော်မိုက်နေပြီလို့ စဉ်းစားနော်။ ကဲ့ရဲ့ရင် ကိုယ် လူမိုက်ဖြစ်နေတာပဲ။

http://www.dhammadownload.com

(၆) ပညာရှိတို့ရဲ့အားက ဘာလဲဆိုတော့ အကျိုးရှိ,မရှိကို စဉ်းစား သုံးသပ်ခြင်း။ ဒါလုပ်ရင် ဘာဖြစ်မှာလဲ။ ဒါပြောရင် ဘာဖြစ်မှာလဲ။ စဉ်းစားတာ သုံးသပ်တာ၊ အကြောင်းအကျိုးကို သိပြီး စဉ်းစားနိုင်တာ။ ဒါ ပညာရှိတို့ရဲ့ အား။

(၇) ဗဟုသုတ ရှိသူတို့ရဲ့အားက အဖန်ဖန်ဆင်ခြင်ခြင်း။ သူက မှတ်အားကောင်းတာကိုး။

(၈) သူတော်ကောင်းတို့ရဲ့အားက သည်းခံခြင်းတဲ့။ သည်းခံခြင်းရှိမှ သူတော်ကောင်းဆိုတဲ့ အကောင်းဆုံးဂုဏ်ကို ရနိုင်တာ။

ပုဏ္ဏောဝါဒသုတ္တန်

မြတ်စွာဘုရားက နည်းမျိုးစုံနဲ့ အမျက်ဒေါသမကြီးကြဖို့၊ သည်းခံကြဖို့ ဟောတာတွေ အများကြီးရှိတယ်။ အဲဒီထဲက ထင်ရှားတဲ့ သုတ္တန်တစ်ခုက ပုဏ္ဏောဝါဒသုတ္တန်တဲ့။ မဇ္ဈိမနိကာယ်မှာ ပါတယ်။

ရှင်ပုဏ္ဏက တစ်နေ့တော့ မြတ်စွာဘုရားဆီရောက်လာပြီးတော့ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရားတောင်းတယ်။ အဲဒီတရားကို ကျင့်သုံးဖို့အတွက်

http://www.dhammadownload.com

ဒီနေရာကနေ ထွက်ခွာသွားပြီး တစ်ပါးတည်းနေရင်း ကျင့်သုံးမယ်ပေါ့။

မြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရား ဟောပြီးတော့ သင်က ဘယ်သွားမှာလဲလို့ မေးတယ်။ တပည့်တော် သုနာပရန္တတိုင်းကို သွားမယ်ဘုရား။ သွားပြီး အဲဒီဇနပုဒ်မှာ နေမယ်ဆိုတော့ ချစ်သားပုဏ္ဏ၊ သုနာပရန္တတိုင်းသားတွေက အလွန်ကြမ်းတမ်းတယ်လို့ဆိုတယ် သင် နေနိုင်ပါ့မလား။ မှန်ပါ့ နေနိုင်ပါတယ်ဘုရား။ သုနာပရန္တတိုင်းကို ရောက်လို့ရှိရင်အဲဒီက လူတွေက တကယ်လို့ သင့်ကို ဆဲရေးကြမယ်ဆိုရင် သင် ဘယ်လိုလုပ်မလဲ။ အဲလို ဆဲရေးကြမယ်ဆိုလို့ရှိရင် ဒီသုနာပရန္တတိုင်းက လူတွေက တော်ကြပါပေတယ်။ ငါ့ကို ဆဲရုံသာဆဲတာ လက်နဲ့ ပုတ်ခတ်ကြတာတော့ မရှိဘူးဆိုပြီးတော့ သည်းခံပါ့မယ်၊ မေတ္တာထားပါ့မယ်ဘုရားတဲ့။

စဉ်းစားနော်၊ သူတို့ဆဲတဲ့အသံတွေက တကယ်တမ်း ကိုယ့်ကို ဘာမှ လာပြီး ထိခိုက်တာ မရှိဘူး။ ကိုယ့်ဟာကို အမျိုးမျိုး အဓိပ္ပါယ်ဖော်ပြီးတော့ အခံရခက်တာတော့ ကိုယ့်ရဲ့ အသုံးမကျမှုပေါ့။ ဟုတ်တယ်

http://www.dhammadownload.com

မို့လား။ အပြင်ဘက်က ဆဲတဲ့အာရုံကလည်း ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရားတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ အတွင်းက **အယောနိသော မနသိကာရ**ဆိုတဲ့ အသုံးမကျမှုကြီးကလည်း ဒေါသဖြစ်ခြင်းရဲ့ အကြောင်းတရားတစ်ခုဆိုတာလည်း နားလည်ရမယ်။ အပြင်ဘက်က အကြောင်းက ဖယ်လို့မရဘူးနော်။ တစ်ခုမဟုတ် တစ်ခု တွေ့မှာပဲ။ ကိုယ့်ရဲ့ အတွင်းထဲက နှလုံးသွင်း မှားယွင်းမှုဆိုတဲ့ အကြောင်းတရားကို ဖယ်လိုက်နိုင်ရင် မချမ်းသာစရာ အကြောင်းမရှိပါဘူး။

မြတ်စွာဘုရားက ဆက်ပြီးတော့ သူတို့က လက်နဲ့ ပုတ်ခတ်မယ်ဆိုရင်ကော သင်ဘယ်လိုလုပ်မလဲဆိုတော့ ဪ.. သုနာပရန္တတိုင်းသားတွေဟာ တော်ကြပါပေတယ်။ သူတို့ဟာ ငါ့ကို လက်နဲ့သာ ပုတ်ခတ်ကြတာ။ ခဲနဲ့ မထုကြသေးဘူးလို့ တပည့်တော် အဲလို စဉ်းစားပြီးတော့ မေတ္တာထားပါ့မယ်။

ကဲ- ခဲနဲ့ထုရင်ရော သင် ဘယ်လိုလုပ်မလဲ။ သူတို့က ခဲနဲ့သာ ထုကြ ပေါက်ကြတာ။ တုတ်နဲ့ မရိုက်ကြသေးဘူး။ အဲသလို စဉ်းစားပြီးတော့ သူတို့

http://www.dhammadownload.com

အပေါ်မှာ မေတ္တာမပျက်စေရပါဘူးတဲ့။ ကဲ သူတို့က တုတ်နဲ့ ရိုက်ရင်ရော သင်ဘယ်လိုလုပ်မလဲ ။ သူတို့ဟာ တုတ်နဲ့သာ ရိုက်ကြတာ ဓားနဲ့တော့ မခုတ်ကြသေးဘူးလို့ အဲသလို စဉ်းစားပြီး သူတို့အပေါ်မှာ မေတ္တာဆက်ဖြစ်နေစေပါ့မယ်။

ဓားနဲ့ ခုတ်ရင်ရော သင် ဘယ်လိုလုပ်မလဲ။ သူတို့က ဓားနဲ့ ခုတ်ရုံခုတ်တာ အသေသတ်တာတော့ မဟုတ်သေးဘူး။ တပည့်တော် အဲသလို စဉ်းစားပြီး သူတို့ရဲ့အပေါ်မှာ မေတ္တာမပျက်ပါဘူး။ ကိုင်း တကယ်လို့များ သူတို့က အဲဒီဓားနဲ့ အသေသတ်ကြမယ်ဆိုရင်ကော မင်း ဘယ်လိုလုပ်မလဲ။ အဲတော့ ဘာပြောလဲဆိုတော့ မြတ်စွာဘုရားတဲ့ ခန္ဓာကိုယ်ကို အလွန် ရွံရှာစက်ဆုပ်ကြတဲ့ တချို့သူတော်ကောင်းတွေဟာ သူများကို အသတ်ခိုင်းကြရတာတွေ ရှိတယ်တဲ့။ ဟုတ်တယ်။ မြတ်စွာဘုရားလက်ထက်က ရှိတယ်။ သင်္ကန်းတွေ သပိတ်တွေ ပေးပြီးတော့ သတ်ခိုင်းတာတွေ ရှိတယ်။ ခု တပည့်တော်မှာ ကိုယ့်ကိုယ်ကိုတောင် သတ်စရာမလိုဘူး။ သူတို့က သတ်ပေးကြတယ်ဆိုပြီး တပည့်တော် သူတို့အပေါ်မှာ မေတ္တာမပျက်ဘူးတဲ့။

http://www.dhammadownload.com

အလွန် အံ့သြစရာကောင်းတဲ့ အမြင်လို့ မဆိုနိုင်ဘူးလား။ သူ့ရဲ့စိတ်ထဲမှာ ဘာပဲဖြစ်ဖြစ် ငါသည်းခံမယ်ဆိုတဲ့ စိတ်ဓာတ်က ကိန်းနေတာဆိုတော့ သူ့မှာ အရန်သင့် အဖြေက ရှိနေတာ။ အဲဒီနည်းနဲ့ သူလောကကြီးကို အဆင်ပြေအောင် နေသွားမှာပဲ။

သည်းခံခြင်းတရားသာ တကယ်ရှိနေမယ်ဆိုရင် ဘာမှ အဆင်မပြေနိုင်တာ မရှိတော့ဘူး။ တချို့ပြဿနာတွေက ကိုယ်က ဖြစ်နေတာ။ ဒုက္ခတွေက ကိုယ်ကြောင့် ဖြစ်နေတာ။ သည်းခံနိုင်ရင် သည်းခံနိုင်သလောက် ဘဝမှာ ပြဿနာ မရှိဘူး။ ဘဝမှာ ငြိမ်းချမ်းတယ်ပေါ့။ ဒါ ရှင်ပုဏ္ဏရဲ့ သည်းခံနည်းပဲ။

ရှင်ပုဏ္ဏဟာ အဲဒီသုနာပရန္တတိုင်းမှာပဲ ရဟန္တာဖြစ်ပြီးတော့ သူတစ်ပါးအကျိုးတွေ အများကြီးဆောင်ရွက်ပြီးတော့ ပရိနိဗ္ဗာန် စံသွားတယ်။ ပုဏ္ဏောဝါဒသုတ္တန် အနှစ်ချုပ်ကလေးပေါ့။

ဒီနေရာမှာ ဦးဇင်းတို့ သည်းခံခြင်းတရားကို တရားစ,စချင်း ဘာပြောလဲ **သမ္မာနာဝမာနက္ခမော**-မြတ်နိုးမှု၊ မထီမဲ့မြင်ပြုမှု နှစ်ခုရဲ့အပေါ်မှာ သည်းခံရမယ်။ ဒေါသမဖြစ်ရုံမျှနဲ့ သည်းခံတာ မလုံလောက်

http://www.dhammadownload.com

သေးဘူး။ ကောင်းတာတွေရဲ့အပေါ်မှာလည်း လောဘ မဖြစ်ဖို့ လိုသေးတယ်လို့ ပြောခဲ့တယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ နိဂုံးချုပ် သုတ္တန်တစ်ပုဒ် ပြောပြမယ်။

မာရတဇ္ဇနီယသုတ္တန်

အဲဒီသုတ္တန်ကလည်း ဦးဇင်းတို့ ဟောဖူးပါတယ်။ 'ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ' ဆိုတဲ့ တရားထဲမှာ အဲဒါလေး ပါတယ်။ မာရတဇ္ဇနီယ သုတ္တန်တဲ့။

ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးရဲ့ အတွေ့အကြုံကို မှတ်တမ်းတင်ထားတာ။ အခါတစ်ပါးမှာ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး သုသုမာရဂိရမြို့မှာ သီတင်းသုံးတယ်။ ဘေသကဠာတောအုပ်၊ သမင်တွေကို ဘေးမဲ့ပေးထားတဲ့တောအုပ် သမင်တောမှာ တစ်ပါးတည်း သီတင်းသုံးနေတယ်။

အဲဒီအချိန်မှာ စင်္ကြံသွားနေရင်းနဲ့ ငါ့ရဲ့ ဗိုက်ကြီးက လေးလိုက်တာ။ ဘာတွေများ ဖြစ်နေလဲ မသိဘူး။ ပဲဆွမ်းတွေ အများကြီး စားထားလို့ ဗိုက်တွေပွနေလား မသိဘူးဆိုပြီးတော့ သခ်န်းကျောင်းလေးပေါ်တက်သွားပြီးတော့ သေသေချာချာ ဆင်ခြင်ကြည့်

http://www.dhammadownload.com

တယ်။ ဆင်ခြင်ကြည့်တဲ့အခါကျတော့ ဗိုက်ထဲမှာ ဘာရှိနေလဲဆိုတော့ မာရ်နတ် ရောက်နေတယ်တဲ့။ သူ့ရဲ့အူထဲကို မာရ်နတ်က ဝင်နေတာ။ ဒါက အလွန် တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်မို့လို့ သိနိုင်တာ မြင်နိုင်တာပေါ့။ သာမန်ရဟန်းဆို သိနိုင်ဖို့၊ တွေ့နိုင်ဖို့ မလွယ်ပါဘူး။ အဲဒီ မာရ်နတ်ကို အရှင်မဟာမောဂ္ဂလာန်က မာရ်နတ် သင်ဟာ မြတ်စွာဘုရားကို မညှဉ်းဆဲနဲ့။ မြတ်စွာဘုရား ရဲ့ တပည့်သာဝကကို မညှဉ်းဆဲနဲ့။ ညှဉ်းဆဲခြင်းအား ဖြင့် သင့်မှာ ချမ်းသာသုခ မရနိုင်ဘူး။ ဒါကြောင့် သင် ထွက်လို့ ခိုင်းတယ်။

အဲသလို ပြောတော့ မာရ်နတ်က ဒီရဟန်းက မမြင်ဘဲနဲ့ ငါ့ကို ပြောတာနဲ့တူတယ်။ ငါသာသာလေးပဲ နေနေလိုက်ဦးမယ်ဆိုပြီး မထွက်ဘူး။ မာရ်နတ်ထွက် သင် အဲသလို စဉ်းစားနေတာကို ငါ သိတယ်။ ငါ့ကို သိမှာမဟုတ်ဘူးလို့ ထင်နေတာကိုလည်း ငါသိတယ်။ အဲသလိုပြောတော့ သူ ဘယ်လိုမှ မနေသာဘူး၊ ခံတွင်း ကနေ ထွက်သွားတယ်။ ထွက်သွားပြီး ဝေးဝေးမသွား ဘူး။ တံခါးကြားမှာ ရပ်နေတယ်။ အရှင်မြတ်က မာရ်နတ် သင်တံခါးကြားမှာ ရပ်နေတာကိုလည်း ငါ

http://www.dhammadownload.com

မြင်တယ်။ နောက်ထပ်ရန်ရှာဖို့ မစဉ်းစားနဲ့ဆိုတဲ့ သဘောမျိုး ပြောတာ။ အရှင်မဟာမောဂ္ဂလာန်က ကိလေသာအာသဝေါကုန်တဲ့ ရဟန္တာကြီး ဘာဒေါသမှ မရှိဘူး။ အလွန်နူးညံ့သိမ်မွေ့တဲ့ သဘောနဲ့ ပြောမှာပဲ။

အဲဒီမှာ မာရ်နတ်ကို ဘာပြောလဲဆိုတော့ မာရ်နတ်‥ ငါဟာ တစ်ချိန်ကလည်း ဒူသီလို့ အမည်ရတဲ့ မာရ်နတ်တစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ ငါ့ရဲ့နှမက ကာဠီတဲ့။ အဲဒီ ကာဠီရဲ့သားက တခြားမဟုတ်ဘူး သင်ပဲတဲ့။ သင်နဲ့ငါက တူအရီးတောင် တော်ခဲ့ဖူးတယ်။ ဆွေမျိုးစပ်လိုက်ရင် သတ္တဝါတွေဆိုတာ နူးညံ့သွားတဲ့ သဘောတော့ ရှိတာကိုး။

ရှင်မဟာမောဂ္ဂလာန်က သူ ဒူသီမာရ်နတ် ဖြစ်စဉ်က သူ့ဘဝဇာတ်ကြောင်းကို ပြောပြတာ။ တော်တော်လည်း သံဝေဂ ရစရာကောင်းတယ်။ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးရဲ့ ဘဝသံသရာထဲက တွေ့ကြုံခဲ့ရတဲ့ အကြောင်းအရာ တစ်စိတ်တစ်ဒေသ ကလေးတစ်ခုပေါ့။

အဲဒီတုန်းက လောကကြီးမှာ ကကုသန်မြတ်စွာ ဘုရားက ပွင့်နေတာ။ သူက မာရ်နတ် ဖြစ်နေတာ။

http://www.dhammadownload.com

အဲဒီ ကကုသန်မြတ်စွာဘုရားမှာ လက်ယာတော်ရံက ရှင်ဝိဓူရ၊ လက်ဝဲတော်ရံက ရှင်သဉ္ဇီဝ ဆိုပြီးတော့ အဂ္ဂသာဝကကြီး နှစ်ပါးရှိတယ်။ ရှင်မဟာမောဂ္ဂလာန် ဖြစ်လာမယ့် ဒူသီမာရ်နတ်က ဟောဒီ လောကကြီးမှာ အခြားသတ္တဝါတွေရဲ့ အကြောင်းကို ငါ ကောင်းကောင်း သိတယ်။ ဘယ်ကနေ လာတာ၊ သေပြီးရင် ဘယ်ရောက်မှာ၊ သူ အကုန်သိတယ်တဲ့။ ဒါပေမယ့်လို့ မြတ်သောအကျင့်ကို ကျင့်သုံးပြီးတော့ ပေါက်မြောက်အောင် မြင်သွားကြတဲ့ ရဟန်းတော်တွေရဲ့ လားရာရောက်ရာကို ငါ မသိဘူးတဲ့။ အဲဒါကို သူ လုံးဝ မကျေနပ်ဘူး။

ရှင်မဟာမောဂ္ဂလာန်အလောင်း ဒူသီမာရ်နတ်က အဲဒီရဟန်းတွေရဲ့အကြောင်းကို သိရအောင် အဲဒီ ရဟန်းတွေကို အနှောင့်အယှက် ပေးမယ်။ မြင့်မြတ်တဲ့ အနေအထားတွေ ပျက်စီးအောင် ငါ ဘယ်လိုလုပ်မလဲ။ ရဟန်းတွေ မတော်မလျော် မာတုဂါမတွေနဲ့ ဖောက်ပြန်နေတဲ့သဘောမျိုး၊ အကျင့်မကောင်းတဲ့ ပုံသဏ္ဌာန် ဒကာ,ဒကာမတွေ မြင်အောင် အများကြီး ဖန်ဆင်းပြတယ်။ ဒကာ,ဒကာမတွေက ဘယ်လိုမှ မကြည်ညို

http://www.dhammadownload.com

တော့ဘဲနဲ့ ရဟန်းတွေကို တွေ့လို့ရှိရင် ဆဲကြတယ်၊ ဆိုကြတယ်။ သူတော်ကောင်းယောင် ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေပဲ အစရှိသဖြင့်၊ ဆွမ်းလည်း ပြည့်ပြည့်ဝဝ လောင်းလှူတာ မရှိကြတော့ဘူး။

ကကုသန်မြတ်စွာဘုရား သာသနာမှာ မာရ်နတ်ကြောင့် အဲဒီအချိန်တုန်းက တော်တော်ကို ထိထိခိုက်ခိုက် ရှိတယ်ပေါ့။ ဒါကြောင့် လူတွေ အဲဒီအချိန်မှာ သေပြီးလို့ရှိရင် ယုတ်ညံ့တဲ့ နေရာပဲ ရောက်သွားတာပဲ များတယ်။ မာရ်နတ်ကြောင့်မို့လို့။ မာရ်နတ်က ဒီလို လုပ်နေတာလို့လည်း လူတွေက မသိဘူး။ ဒါပေမယ့် မြတ်စွာဘုရား သိတယ်။ သိတဲ့အခါကျတော့ ရဟန်းတွေကို ဆုံးမတယ်။

အဆိုးလောကဓံကို သည်းခံနည်း

မြတ်စွာဘုရားက ရဟန်းတွေကို ဘာပြောလဲဆိုတော့ ချစ်သားတို့ မာရ်နတ်က အဲဒီလို လုပ်ထားတဲ့အတွက်ကြောင့် လောလောဆယ် မကောင်းတဲ့ လောကဓံတွေကို တွေ့နေရတယ်။ လူတွေရဲ့ မြတ်နိုးမှုကို မရဘူး။ အထင်သေးမှု ရှုံ့ချမှု ကဲ့ရဲ့မှု ဒါတွေပဲ ရတယ်။ ဒါကြောင့် ဒီလို ဆိုးဝါးတဲ့အခြေအနေ ကြုံ

http://www.dhammadownload.com

နေတဲ့အချိန်မှာ ဒါတွေကို ရင်ဆိုင်နိုင်အောင် ဘာလုပ်ရမလဲဆိုတော့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရား လေးပါးကို ပွားများခိုင်းတယ်။ ဒါက ဦးဇင်းတို့ ပြောရခြင်းရဲ့ အဓိကရည်ရွယ်ချက်ပေါ့နော်။

သည်းခံတယ်ဆိုတာ မြတ်နိုးတဲ့ လူတွေရဲ့ အပေါ်မှာပဲဖြစ်ဖြစ်၊ ကိုယ့်ပေါ်မှာ မုန်းတီးပြီး မထီမဲ့မြင် ဆက်ဆံတဲ့ သူတွေရဲ့အပေါ်မှာပဲဖြစ်ဖြစ် လောဘ ဒေါသ မဖြစ်အောင် ကြိုးစားရမယ်လို့ ပြောခဲ့တာနော်။ ခု ဒါက ဒေါသမဖြစ်အောင် နေတဲ့နည်း။ ဟုတ်လား၊ ဆိုးဝါးတဲ့ လောကဓံနဲ့ တွေ့တဲ့အခါမှာ ရင်ဆိုင်ဖြေရှင်း ရမယ့် နည်းလမ်းပေါ့။

သတ္တလောကကြီးရဲ့အပေါ်မှာ ကောင်းစား ချမ်းသာစေချင်တဲ့ မေတ္တာတရား။ ဒုက္ခက လွတ်စေလိုတဲ့ သနားကြင်နာခြင်း ကရုဏာတရား။ ဝမ်းမြောက် နိုင်တဲ့ မုဒိတာတရား။ သူ့ဟာသူ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ သတ္တဝါတွေဟာ ကိုယ်ပြု ထားတဲ့ အလုပ်အတိုင်း ခံစား စံစားကြရတာ ကိုယ် ဘာမှ သွားပြီး ဝင်စွက်လို့ ရတာမဟုတ်ဘူးလို့ အမှန် အကန် နားလည်ပြီးတော့ သတ္တဝါတွေ ချမ်းသာသည်

http://www.dhammadownload.com

ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ စိတ်ထဲမှာ တုန်မှု လှုပ်မှုမရှိအောင် အလယ်အလတ် ရပ်တည်နိုင်တယ်ဆိုတဲ့ ဥပေက္ခာတရား။

အဲဒီဗြဟ္မစိုရ်တရားတွေကို ပွားများနေမယ်ဆိုလို့ရှိရင် မာရ်နတ်ရဲ့ ဒီလိုလုပ်တဲ့အတွက်ကြောင့် ရဟန်းတွေရဲ့ စိတ်ထဲမှာ မာရ်နတ်ဝင်စရာ အကြားအပေါက် မရနိုင်ဘူး။ မာရ်နတ်အတွက် နှောင့်ယှက်စရာ အခွင့်အရေး မရနိုင်ဘူး။ အဲဒီအတိုင်း မြတ်စွာဘုရားက ကာကွယ်ခိုင်းတာ။ ဒါက ဒကာ,ဒကာမတို့အတွက် နည်းယူစရာ အနေအထားပေါ့။

ဘဝမှာ ဆိုးဝါးတဲ့ အခြေအနေတွေ ကြုံလာလို့ရှိရင် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာကို အသုံးပြုရမယ်ဆိုတဲ့ နည်းလမ်းလေးကို ဒီသုတ္တန်အရ မှတ်သားထားရမယ်။

မာရ်နတ် မျှော်မှန်းတဲ့အတိုင်း ရဟန်းတွေက ဖြစ်မလာတော့ မာရ်နတ်က တွက်ခြေမကိုက်ဘူး။ ငါ လုပ်တာဘာမှ မထိရောက်ဘူးပေါ့။ လူတွေ အကုသိုလ်ဖြစ်ပြီး သေတဲ့အခါ အပါယ်ရောက်ကြတာပဲ အဖတ်တင်တယ်။ အဲတော့ ဒီနည်းနဲ့ မရရင်တော့

http://www.dhammadownload.com

နောက်တစ်နည်းနဲ့ လုပ်မယ်။

အကောင်းလောကဓံကို သည်းခံနည်း

နောက်တစ်နည်းက ဘယ်နည်းလဲဆိုတော့ လာဘ်တိုက်တဲ့နည်းပဲ။ စောစောက ကပ်တိုက်တဲ့နည်းပဲ ဆိုကြပါစို့။ ခုက လာဘ်တိုက်တဲ့နည်းနဲ့ လုပ်မှာ။ ကောင်းတဲ့နည်းနဲ့ တိုက်မှာ။ လူတွေဟာ ဆိုးတဲ့နည်းကို များသောအားဖြင့် ခံနိုင်ရည်ရှိတယ်။ ကောင်းတာကျရင်တော့ မခံနိုင်ကြဘူးဆိုတာလည်း ရှိတယ်။

မာရ်နတ်က ရဟန်းတွေ ဈာန်ပျံနေတဲ့ပုံတွေ ကြည်ညိုစရာကောင်းတဲ့ အနေထားတွေ အများကြီး ဖန်တီးပြတယ်။ အဲတော့ လူတွေရဲ့ စိတ်ထဲမှာ အလွန်တော်တဲ့ ပုဂ္ဂိုလ်တွေပဲဆိုပြီး အရမ်းကြည်ညိုကြတယ်။ ပစ္စည်းလေးပါး လိုလေသေးမရှိ လှူကြ တန်းကြတယ်။ မြတ်နိုးတဲ့ စကားသံတွေ မြတ်နိုးတဲ့ အမူအရာတွေနဲ့ နေကြပြန်တယ်။ သေတဲ့အခါကျတော့ အဲဒီလူတွေ နတ်ပြည်ရောက်ကြတယ်လို့ ဆိုတယ်။

ဒီလိုတွေ ဖြစ်နေတာ မာရ်နတ်ရဲ့လက်ချက်ပဲ ဆိုတာကို မြတ်စွာဘုရားက သိတယ်။ သိတဲ့အခါကျ

http://www.dhammadownload.com

တော့ မြတ်စွာဘုရားက ရဟန်းတို့ မာရ်နတ်က တိုက်စစ်တစ်မျိုး ဆင်လာပြန်တယ်။ စောစောက တိုက်စစ်ဆင်လာတာက တစ်နည်း။ ခု တိုက်စစ်ဆင်တာက တစ်နည်း။ စောစောက အဆိုးနဲ့ တိုက်တာ။ ခုဟာက ကောင်းတာနဲ့ တိုက်တာ။

ဒါကြောင့် ဒီလိုကောင်းတာနဲ့ ကြုံလာတဲ့အချိန်မှာ သင်တို့ ဘယ်လိုနည်းနဲ့ တုန့်ပြန်ရမလဲ။ ဘယ်လိုကျင့်သုံးရမလဲ အဲဒါကိုလည်း မြတ်စွာဘုရား လေးမျိုးညွှန်ကြားတယ်။

အဲဒီလေးမျိုးက ဘာလဲဆိုတော့-

အသုဘသညာ

(၁) ပထမ **အသုဘ**တဲ့။ အသုဘဆိုတာ မိမိခန္ဓာ သူတစ်ပါးခန္ဓာရဲ့ မတင့်တယ်တဲ့ ရွံ့ရှာ စက်ဆုပ်ဖွယ်အနေအထားကို အမှန်အတိုင်းသိအောင် စဉ်းစားတာ ဆင်ခြင်တာ ဒါအသုဘတရား။ ကောင်းတာတွေတွေ့လာရင် အသုဘကို စဉ်းစားရမယ်။

အာဟာရေပဋိကူလသညာ

(၂) နောက်ဒုတိယက ဘာလဲဆိုတော့ **အာဟာ**

http://www.dhammadownload.com

ရေပဋိကူလသညာ။ ကိုယ် ဝါးမျိုစားသောက်နေတဲ့ အာဟာရရဲ့ ရွံရှာစက်ဆုပ်ဖွယ် အဖြစ်မှန်၊ အခြေအနေမှန်ကို စဉ်းစား ဆင်ခြင်ရမယ်။ အစားအစာတွေရဲ့ သဘာဝကို သိလို့ရှိရင် ဒီခန္ဓာကိုယ်ကြီးရဲ့ သဘာဝကိုလည်း သိနိုင်တယ်။ လူတွေက အစားအစာရဲ့ အကြောင်းကို သိပ်မသိဘူး။ စားချင်တာလောက်ပဲ သိတယ်။ သူတို့ရဲ့ သဘာဝအမှန်ကို သိအောင် ကြိုးစားတဲ့အပိုင်း အရမ်းအားနည်းတယ်။ ဆိုကြပါစို့၊ ကျင်ကြီး ကျင်ငယ်တွေဆိုတာ ကိုယ် မြတ်မြတ်နိုးနိုး စားခဲ့ သောက်ခဲ့ မျိုခဲ့တာတွေပဲ။ ဘယ်ကမှ ရောက်လာတာမဟုတ်ဘူး စောစောကမှ ကိုယ်စားသောက်ထားတဲ့ဟာတွေ။ ဘယ်လောက်မှ မကြာသေးဘူးနော်၊ နာရီပိုင်းပဲ ရှိသေးတယ်။ အဲဒါတွေကို ဘာကြောင့် အဲသလောက် ရွံရှာသွားသလဲ။ သံယောဇဉ် ပြတ်သွားတာလဲ စဉ်းစားကြည့်။

တစ်ခါ အစားအသောက်တွေအပေါ်မှာလည်း စဉ်းစားကြည့်။ ကျင်ကြီး ကျင်ငယ်တွေကို မမက်မောသလို အစားအသောက်ကိုလည်း မမက်မောသင့်ဘူး။ ဘာပြုလို့လဲ ဒီအစားသောက်တွေဆိုတာ အလွန် ရွံရှာ

http://www.dhammadownload.com

စက်ဆုပ်ဖွယ်ကောင်းတဲ့ ကျင်ကြီးကျင်ငယ်တွေ ဖြစ်သွားမယ့်အရာတွေမို့လို့ပဲ။

ဒါကြောင့် အာဟာရေပဋိကူလသညာကို စဉ်းစားရင် ကောင်းတာတွေကို မက်မောတဲ့စိတ် နည်းသွားနိုင်တယ်။ ဘဝရဲ့အခြေနေမှန်တွေကို သိပြီးတော့ ဒါတွေဟာ အကောင်းတွေ မဟုတ်ဘူးဆိုတာကို သိနိုင်တယ်။

သဗ္ဗလောကေ အနဘိရတိ သညာ

(၃) နောက် တတိယ စဉ်းစားဆင်ခြင်ရမယ့် အချက်က **သဗ္ဗလောကေ အနဘိရတိ သညာ**- အလုံးစုံသော လောကကြီးသည် ပျော်မွေ့ဖွယ်ရာ မဟုတ်ဘူးဆိုတဲ့ အမြင်မှန်ကို စဉ်းစားရမယ်။ ဘဝဆိုတာ ဘာလဲ။ မွေးဖွားလာတယ်၊ တဖြည်းဖြည်းနဲ့ အိုမင်း ရင့်ရော်သွားမယ်၊ ချွတ်ယွင်းချက်တွေ များလာပြီး နာကျင်ကိုက်ခဲမယ်၊ ပြီးရင် ဖရိုဖရဲ ပျက်စီးသွားမယ်။ ဒါဟာ ဘဝရဲ့ အခြေနေမှန်ပဲ။ အဲဒီထဲမှာ အထိရောက်ဆုံးကတော့ သေခြင်းတရားကို ထိမိအောင် စဉ်းစားရင် ဘဝဟာ အနှစ်သာရ ဆိတ်သုဉ်းလှတယ်ဆိုတဲ့ ဘဝရဲ့ သုညသဘောကို သိနိုင်တယ်။

http://www.dhammadownload.com

ပျော်မွေ့စရာကောင်းတဲ့ အနေအထား တစ်ခုမှ မရှိဘူးဆိုတာကို သိနိုင်တယ်။

ဒါကြောင့် သဗ္ဗလောကေ အနဘိရတိသညာနှင့်လည်းပဲ ကောင်းတဲ့အနေအထားကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်အောင် အားထုတ်ရမယ်။

အနိစ္စသညာ

နောက်ဆုံး ရင်ဆိုင်ကြိုးစားရမယ့် နည်းလမ်းက ဘာလဲဆိုတော့ အနိစ္စသညာ။ အနိစ္စဆိုတာကတော့ လူတိုင်း ရင်းနှီးပါတယ်နော်။ အနိစ္စဆိုတာ မတည်မြဲတာ။ အဲဒီ မတည်မြဲမှုတွေကို စဉ်းစားဆင်ခြင်ရင် ကောင်းတာတွေကို ကောင်းကောင်း ရင်ဆိုင်နိုင်တယ်။ ကောင်းတာတွေကြောင့် လောဘ မဖြစ်နိုင်ဘူး။

သဘာဝတရားရဲ့ သဘောအမှန်ကို အနှစ်ချုပ်အနေနဲ့ နားလည်ရမှာက ဘာပဲဖြစ်ဖြစ် တည်မြဲမနေဘူးဆိုတဲ့ အချက်ပဲ။ **ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ** - ဖြစ်ပေါ်လာတဲ့ သဘာဝတရားတွေဟာ အကုန်လုံး ချုပ်ပျောက်သွားတယ်။ အဲဒါကို နားလည်ပြီး နေလို့ရှိရင် ဒါ အနိစ္စသညာကို သိပြီး

http://www.dhammadownload.com

တော့နေသူလို့ ဆိုနိုင်တယ်။ ဒီခန္ဓာမှာဖြစ်လာတဲ့ အရာတွေဟာ ဘာပဲဖြစ်ဖြစ် ဖြစ်ပြီးရင် မရှိတော့ဘူး။ နောက်ထပ် ထပ်ဖြစ်ပြန်တယ်။ ဖြစ်ပြီးရင် မရှိတော့ပြန်ဘူး။ ကောင်းတာဖြစ်လည်း ပြီးသွားတာပဲ။ ဆိုးတာဖြစ်လည်း ပြီးသွားတာပဲ။ ကောင်းကောင်းဆိုးဆိုး အကုန်လုံး ပျောက်ကွယ်သွားကြတာချည်းပဲ။ အားလုံးဟာ အခိုက်အတန့်မျှပဲလို့ အနိစ္စတရားကို စဉ်းစားလို့ရှိရင် ကောင်းတဲ့ လောကဓံတရားတွေ ကောင်းတဲ့ အခြေအနေတွေလို့ လူသာမန်တွေ ထင်ထားတဲ့အရာတွေကို မက်မောမှု လောဘနဲ့ တုန့်ပြန်စရာ အကြောင်းမရှိဘူး။

ဒါကြောင့် မြတ်စွာဘုရားက အဲဒီမာရ်နတ်ရဲ့ ကောင်းတဲ့အချက်နဲ့ လှည့်တိုက်တာကို ခံနိုင်ရည်ရှိအောင် အသုဘရယ်၊ အာဟာရေပဋိကူလသညာရယ်၊ သဗ္ဗလောကေအနဘိရတိသညာရယ်၊ ခုပြောလိုက်တဲ့ အနိစ္စသညာရယ်။ အဲဒီတရားလေးပါးကို ပွားများပြီးတော့ ရင်ဆိုင်နိုင်ရမယ်လို့ ဟောတာ။ အဲသလို ရင်ဆိုင်လိုက်တော့ မာရ်နတ်က ထင်တိုင်း မပေါက်ပြန်ဘူး။

အဲဒီတော့ မာရ်နတ်က ဘာလုပ်လဲဆိုတော့

http://www.dhammadownload.com

မြတ်စွာဘုရားနဲ့ ရှင်ဝိဓူရ ဆွမ်းခံကြွနေတာကို ကလေး တစ်ယောက်ကို ဝင်ပူးပြီးတော့ ရှင်ဝိဓူရရဲ့ ခေါင်းကို ကျောက်ခဲနဲ့ ထုတယ်။ ကိုယ်ထိလက်ရောက် စော်ကားတာပေါ့နော်။ ခေါင်းက ကွဲပြီးတော့ သွေးတန်းတန်းကျတယ်။ အဲဒီမှာ ကကုသန်မြတ်စွာဘုရားက သိတယ်။ သိတဲ့အခါကျတော့ နောက်ကိုလှည့်ကြည့်တယ်။ ဩော်- ဒီမာရ်နတ်ဟာ ကိုယ့်ရဲ့ပမာဏကို ကိုယ်မသိဘူးကိုးလို့ မြတ်စွာဘုရားက လှည့်ကြည့်လိုက်တာနဲ့ အဲဒီမာရ်နတ်ဟာ နတ်အဖြစ်ကနေ တစ်ခါတည်း စုတိစိတ်ကျပြီးတော့ အဝီစိငရဲကြီးကို တန်းရောက်သွားတယ်။

အဲဒါ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးရဲ့ အလောင်းပဲ။ ဒူသီမာရ်နတ်ဆိုတာ။

အဲသလို ရှင်မဟာမောဂ္ဂလာန်က မာရ်နတ်ကို မြတ်စွာဘုရားရဲ့ တပည့်သာဝကကို နှိပ်စက်ညှဉ်းဆဲတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာခြင်းကို မရနိုင်ဘူး။ သင်လည်းပဲ ငါ့လိုတန်ခိုးကြီးတဲ့ မြတ်စွာဘုရားရဲ့ တပည့်သာဝကကို ညှဉ်းဆဲမလို့ လုပ်နေတာ။ သင် ဒုက္ခမရောက်ဘူးလို့များ ထင်နေသလား။ အဲဒီမှာ ရှင်

http://www.dhammadownload.com

မဟာမောဂ္ဂလာန်က သူ့ရဲ့ အစွမ်းတွေကို အများကြီး ပြောပြပြီးတော့ ဒီလိုအစွမ်းနဲ့ ပြည့်နေတဲ့ မြတ်စွာဘုရားရဲ့ သာဝကတစ်ပါးကို သင် ညှဉ်းဆဲခြင်းသည် သင့်အတွက် အများကြီး အကျိုးဆုတ်ယုတ်လိမ့်မယ်။ အဲသလို ပြောတဲ့အခါကျတော့ မာရ်နတ်ဟာ စိတ်မချမ်းမသာ ဖြစ်ပြီးတော့ အဲဒီနားမှာပဲ ကွယ်ပျောက်သွားတယ်တဲ့။

မာရတဇ္ဇနီယသုတ္တန်ထဲမှာ မှတ်သားစရာ စဉ်းစားစရာက ဘာလဲ။ မကောင်းတဲ့ လောကဓံတရားတွေနှင့် တွေ့လို့ရှိရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားလေးပါးကို အသုံးချပြီးတော့ ရင်ဆိုင်ရမယ်။

ကောင်းတဲ့လောကဓံတွေနှင့် တွေ့လို့ရှိရင် ဘာလုပ်ရမလဲ။ အသုဘ၊ အာဟာရေပဋိကူလ၊ သဗ္ဗလောက အနဘိရတိ၊ အနိစ္စဆိုတဲ့ ဒီလေးချက်နဲ့ ရင်ဆိုင်ရမယ်။ ဒါကို အဓိက ပြောလိုရင်းပါ။ ကျန်တာတွေကတော့ ဓမ္မဗဟုသုတဖြစ်အောင် ပြောပြတာ။

ကောင်းတာနဲ့တွေ့ရင်လည်း လောဘမဖြစ်ဘဲနဲ့ မကောင်းတာနဲ့ တွေ့ရင်လည်း ဒေါသမဖြစ်ဘဲနဲ့ ခံနိုင်

http://www.dhammadownload.com

ရည်တွေ ရှိလာမယ်။ အများကြီး သည်းခံနိုင်လာမယ်။

တရားနိဂုံး

ဒီကနေ့ည ပြောပြခဲ့တရားစကားတွေကို အနှစ်ချုပ်ကြည့်မယ်။

သုမေဓာရှင်ရသေ့က ခန္တီပါရမီနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုဥပမာပြပြီးတော့ သူ့ကိုယ်သူ လေ့ကျင့်ဖို့၊ ဖြည့်ဆည်းဖို့ ဆုံးမသလဲဆိုတော့ မြေကြီးဟာ သူ့ပေါ်မှာ စင်ကြယ်တာတွေပဲ ကျလာကျလာ မစင်ကြယ်တာတွေပဲ ကျလာကျလာ မြတ်နိုးတဲ့သဘောလည်း မရှိဘူး။ အမျက်ထွက်တဲ့ သဘောလည်း မရှိဘူး။ အဲသလိုပဲ ကိုယ့်အပေါ်မှာ မြတ်မြတ်နိုးနိုးဆက်ဆံတဲ့ လူတွေရဲ့ အပေါ်မှာပဲဖြစ်ဖြစ်၊ မထီမဲ့မြင်ဆက်ဆံကြတဲ့ ပုဂ္ဂိုလ်တွေရဲ့အပေါ်မှာပဲဖြစ်ဖြစ် မြတ်နိုးမှုလည်း မရှိဘူး၊ မကျေနပ်မှုလည်း မရှိဘူးဆိုတဲ့ သည်းခံခြင်းတရားကို သင်ဟာ စွဲစွဲမြဲမြဲ ကျင့်မယ်ဆိုရင် ဘုရားစင်စစ် ဧကန်ဖြစ်မယ်တဲ့။ အဲဒါကို ပြောခဲ့တယ်။

ခန္တီတရားရဲ့အကျိုးကျေးဇူး၊ သည်းမခံနိုင်ခြင်း

http://www.dhammadownload.com

ရဲ့ အပြစ်အနာအဆာ။ ဒါတွေကို (၇)မျိုးတောင် ပြောခဲ့တယ်။

ပြီးတော့ ဝေပစိတ္တိအသုရိန်ကြီး အကြောင်းပြူပြီးတော့ သိကြားမင်းနဲ့ မာတလိ အချီအချ ပြောကြတဲ့ သည်းခံခြင်းရဲ့ သဘာဝတရားတွေ။

ဒီဃာဝုမင်းသားရဲ့ သည်းခံနိုင်တဲ့ အနေအထား။ အရှင်ပုဏ္ဏရဲ့ သည်းခံနိုင်တဲ့ အနေအထား။

အမုန်းတရား ဖြစ်ခြင်းရဲ့အကြောင်း ကိုးပါးနဲ့ အမုန်းတရား ဖယ်ရှားနည်းတွေ။

အခု ပြောလိုက်တဲ့ မာရတဇ္ဇနီယသုတ္တန်အရ သည်းခံနိုင်အောင် ဘယ်ပုံဘယ်နည်း ကြိုးစားကြမလဲဆိုတဲ့ နည်းလမ်း။

နိဂုံးချုပ် ပြောချင်တာကတော့ သည်းခံခြင်းတရားကို ပီပီပြင်ပြင် ကျင့်သုံးနိုင်ချင်တယ်ဆိုရင် အသိဉာဏ်ပညာကိုသာ ရင့်ကျက်အောင် ကြိုးစား။ ဉာဏ်ရှိရင် ရှိသလောက် သည်းခံနိုင်မှုတွေ တိုးတက်လာနိုင်တယ်။

အနည်းဆုံးတော့ ကိုယ် သည်းမခံလို့လည်း

ဒီအကြောင်းအရာကြီးက ဘာမှကောင်းတဲ့ဘက်မှာ ပြောင်းလဲသွားတာမရှိဘူး။ ကိုယ့်စိတ်တွေ ဆင်းရဲတာပဲ အဖတ်တင်တယ်ဆိုတာလောက်တော့ သိရမယ်။ သည်းခံနိုင်ခြင်းအားဖြင့်သာလျှင် ကိုယ့်အတွက် အရည်အသွေးတွေ တက်လာမယ်။ ကိုယ့်ကိုယ်ကို ကျေနပ်မှုတွေလည်း ရလာမယ်။ နားလည်မှုတွေလည်း ပိုပြီးတော့ တိုးလာနိုင်တယ်။

ဒါကြောင့် တရားနာပရိသတ်ပေါင်း သူတော်ကောင်းတို့သည် သည်းခံခြင်းဆိုတဲ့ ခန္တီတရားကို လက်ကိုင်ထားပြီးတော့ ကျင့်သုံးနိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေလို့ ဆန္ဒပြုပြီးတော့ မေတ္တာပို့ခြင်းဖြင့် တရားဓမ္မသဘင်ကို အဆုံးသတ်ကြရအောင်...။

အရှင်ဥတ္တမ(သစ္စာရွှေစည်)
သစ္စာရွှေစည်ကျောင်းတိုက်
ရွှေမင်းဝံရပ်၊ စစ်ကိုင်းမြို့။
(၂-၉-၂၀၁၇)